မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၉၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမိုင်းကပေးသည့် နိုင်ငံရေးအမြေသည် ပြည်ထောင်စုမပြိုကွဲရေးဖြစ်

ဒို့နိုင်ငံရဲ့ သမိုင်းကိုပြန်ကြည့်ရင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ခိုင်မာတဲ့ခေတ်တွေမှာ နိုင်ငံတော်ဟာ အင်အားတောင့်တင်းခဲ့တယ်။ တိုင်းရင်းသားအချင်းချင်း အစည်းပြေတဲ့အခါ သူတစ်ပါးက ကျူးကျော်လာခြင်း မရှိတာတောင်မှ အချင်းချင်းကြားက ပဋိပက္ခတွေကို ဖြေရှင်းနေရတာနဲ့ နိုင်ငံတော်ဟာ အလိုလိုခေတ်နောက်ကျပြီး အဘက်ဘက်က အင်အားချည့်နဲ့သွားစမြဲဖြစ်တယ်။ ဒါကြောင့် ဒို့နိုင်ငံအတွက် သမိုင်းကပေးတဲ့အမြေဟာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့ပဲ ဖြစ်တယ်။ အဲဒီအခြေအနေဆီးကိုရောက်ရင် အချုပ်အခြာအာဏာဟာ မသိမသာတစ်မျိုး၊ သိသိသာသာ တစ်မျိုး ဆုံးရှုံးရမှာပဲဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

နိုင်ငံအကျိုး၊ ဒေသအကျိုးနှင့် တိုင်းရင်းသားပြည်သူများအကျိုး ဖော်ဆောင်ပေးမည့် ရှေ့လုပ်ငန်းစဉ်များ မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အင်တိုက်အားတိုက်ပါဝင်ရန် ဆုံးဖြတ်အတည်ပြု

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး တစ်မျိုးသားလုံးပါဝင်

ရန်ကုန် ဇန်နဝါရီ ၁

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မကွေးတိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်း မကွေးမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ မကွေးတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

ရှေ့လုပ်ငန်းစဉ်များချမှတ်

ရှေးဦးစွာ မြို့တော်ခန်းမ၌ လွှင့်တင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✡

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

ယနေ့ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်နေမှုများ လေ့လာသုံးသပ် တိုင်းရင်းသားပြည်သူများကို အဘက်ဘက်က ကာကွယ်စောင့်ရှောက်

လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်သည် ကျန်းမာရေးဖြစ်သည်။ ကျန်းမာကြံ့ခိုင်သူများသည် မိမိတို့၏ လူမှုဘဝအဆောက်အအုံကို ဖန်တီးတည်ဆောက်နိုင်သူ၊ ကာကွယ်စောင့်ရှောက်နိုင်သူများ ဖြစ်သည်။

လူမှုရေးကဏ္ဍတွင် ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် မျိုးဆက်တစ်ဆက်မှတစ်ဆက် မြင့်မားသည်ထက် မြင့်မားတိုးတက်စေရန် ကျန်းမာရေးနှင့် ပညာရေးကို ယှဉ်တွဲဆက်စပ်၍ အလေးထား ဆောင်ရွက်ရမည်ဖြစ်သည်။

ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားခြင်းကို အထောက်အကူပြုသကဲ့သို့ လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖြည့်စွက်ပံ့ပိုးပေးနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်က ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများကို ပမာဏကြီးမားစွာဖြင့် ယှဉ်တွဲဆက်စပ် ဖော်ဆောင်ပေးလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍတွင် ပြည်ပအမှီအခိုကင်းရေးသည် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းဆေးဝါးများ အဆင့်မြှင့်တင်ရေးနှင့် အကျိုးရှိရှိသုံးစွဲနိုင်ရန် သုတေသနကဏ္ဍကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယနေ့ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာရပ်များ အလွန်လျင်မြန်စွာ ပြောင်းလဲတိုးတက်နေရာ ယင်းဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာနေကြရန် ဖြစ်သည်။ ထို့အတူ အနာဂတ်ကမ္ဘာတွင် ပေါ်ပေါက်လာမည့် ရှုပ်ထွေးဆန်းပြားသည့် တိုက်ပွဲပုံစံများကြားတွင် ကာကွယ်ကုသနိုင်ရန်အတွက် စစ်ပညာနှင့်ဆေးပညာတို့ကို ယှဉ်တွဲ သုတေသနပြုကြရန် ဖြစ်သည်။

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ၃၁ရက်နေ့က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားရာ၌–

“ယနေ့ ကမ္ဘာပေါ်မှာ လူမျိုးတစ်မျိုး မျိုးဆက်တုံးစေရန် ကြိုတင်အကွက်ချ ဆောင်ရွက်ခြင်းမျိုးနဲ့ လူတွေ စိတ်ဓာတ်ချောက်ချားသွားအောင် ရောဂါပိုးတစ်မျိုးမျိုးကို ဇီဝလက်နက်အဖြစ် ရုတ်ချည်းပျံ့နှံ့စေခြင်းမျိုးတို့ဖြင့် စစ်ပွဲရဲ့လက်နက်ပုန်းအဖြစ် ပြောင်းလဲအသုံးပြုခြင်းပဲဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး ကြိုတင်မျှော်တွေးတတ်ဖို့နဲ့ သတိမြဲမြံဖို့ လိုအပ်တယ်။ မျက်ခြည်မပြတ် စောင့်ကြပ်ကာကွယ်ခြင်းနဲ့ အရေးပေါ်အခြေအနေအတွက် ကြိုတင်စီမံထားခြင်းတို့ဟာ ကျန်းမာရေးကဏ္ဍမှာ အစဉ်အမြဲ လုပ်ဆောင်နေရမယ့် လုပ်ငန်းများပဲဖြစ်တယ်”

ဟု မြွက်ကြားသွားခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြသည့်သူများသည် ကျန်းမာကြံ့ခိုင်ရန် အထူးလိုအပ်သည်။ ကာကွယ်ရေးတာဝန် ထမ်းဆောင်သူများသည် ယနေ့မျက်မှောက်ကာလ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်ရန်လည်း လိုအပ်သည်။ ယနေ့ကမ္ဘာတွင် စစ်ပွဲပုံစံပြောင်းလဲလာမှုများကို အထူးသတိပြု လေ့လာကြရန်ဖြစ်သည်။ အဏုဇီဝလက်နက်များ ပြောင်းလဲသုံးစွဲလာမှုများကို သတိပြုကြိုတင်မျှော်တွေးတွက်ဆထားရန် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဆေးပညာများ ခေတ်နှင့်အညီ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များကို အသစ်တိုးချဲ့ဖွင့်လှစ်ပေးပြီး ခေတ်မီဆေးပညာများကို လေ့လာဆည်းပူးသင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်က အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် မြန်မာ့ဆေးပညာဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

မြန်မာ့ဆေးပညာ တစ်ခေတ်ဆန်းသစ် ထွန်းတောက်ပြီး အောင်မြင်မှု အကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါကောင်းတွင် တပ်မတော်ဆေးဝန်ထမ်းများအနေဖြင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျဆေးပညာရှင်များ ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆေးဝန်ထမ်းများအားလုံးသည် ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး အခြေအနေများကို လေ့လာသုံးသပ်ပြီး တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ ကာကွယ်စောင့်ရှောက်ပေးရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂-၁-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **(သုညတဆိုက်အောင်ရှုပါ)**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ပထမနှစ် ပထဝီဝင်အထူးပြု The Fignificance of Water and The Hydrologic Cycle
  - (ခ) စတုတ္ထနှစ် ဥပဒေပညာအထူးပြု Rules of Natural Justice (Administrative Law)
- ၄:၃၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သပွတ်အူပမာ”** (အပိုင်း–၁၇)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မြန်မာ့ရှုခင်း
- ၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နဲ့ရန်နိုင်ဓား”** (အပိုင်း–၃၄)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အညီ ခိုင်မာသည့်ဘဏ်လုပ်ငန်းစနစ်ဖြစ်ပေါ်ရေး ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း(ဗ၅) ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၂၉ရက် နံနက် ၉နာရီခွဲက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများနှင့်အညီ ခိုင်မာသည့်ဘဏ်လုပ်ငန်းစနစ်ဖြစ်ပေါ်စေရေး ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်း အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့သည် ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး ဘဏ်အသီးသီးမှ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ၂၀၀၃–၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ သတ္တမအဆင့်နှင့် အဋ္ဌမအဆင့်ရ ကျောင်းသူများအား လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်သက်ဌေးက သင်္ချာ အိုလံပစ်ပြိုင်ပွဲတွင် ဆုရရှိသူနှစ်ဦး တို့အား လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်တင်တင်ညွန့်၊ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၏ ဇနီး ဒေါ်သဇင်နွယ်နှင့် တာဝန်ရှိသူများက ခြောက်ဘာသာ ဂုဏ်ထူးရှင် ၂၃ ဦးနှင့် ဂုဏ်ထူးရရှိသူများ၊ အတန်းလိုက် ဆုရရှိသူများ အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး သတ္တမအဆင့်ရရှိသော ကျောင်းသူတစ်ဦးအား ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။

မဟာစည်သတိပဋ္ဌာန် တရားတော်ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်း မော်လူးရွာ အင်းတော်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးဝါယမကိုအမှူးပြု၍ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျစွာကျောင်းဆရာတော် ဘဒ္ဒန္တလက္ခဏနှင့် ဘဒ္ဒန္တစန္ဒန တို့က ကျေးရူးရှင်မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဒုတိယအကြိမ်မြောက် မဟာစည် သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဇန်နဝါရီ ၅ရက်မှ၂၀ရက်အထိ ၁၅ရက်တိုင်တိုင် ဟောကြားပြသတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

လွယ်လင့်တကူ ရယူခဲ့ခြင်းမဟုတ်ပါ

* လွယ်လင့်တကူ၊ ခူးဆွတ်ချူ၍
ရယူခဲ့သည်၊ မဟုတ်ပြီမို့
ရေရှည်တည်ရန်၊ သန္နိဋ္ဌာန်ဖြင့်
ကြေနပ်ထိန်းသိမ်း သင့်လှသည်။
တောင်းရမ်းယူထား၊ မဟုတ်ငြားဘဲ
သွေးသားအသက်၊ လဲလှယ်စက်၍
တိုက်လျက်ယူထား၊ တန်ဖိုးများကို
လေးစား အမှတ်ရသင့်သည်။

* သနားသဖြင့်၊ ပေးကမ်းလင့်ကြောင့်
အသင့်ရတာ၊ မဟုတ်ပါမို့
သေချာမြင့်မြတ်၊ ထိန်းသိမ်းတတ်ရန်
မပြတ်သတိ ချပ်သင့်သည်။

* ကျွန်ဖြစ်ရေးမှာ၊ မခက်ပါလည်း
ပြန်ကာလွတ်ရေး၊ အသက်သွေးတို့
စတေးရင်းနှီး၊ တန်ဖိုးကြီးပြီး
စစ်မီးကြားမှာ၊ တိုက်ယူပါမို့
တစ်ခါသေထား၊ ပျဉ်ဖိုးနားလည်
နောက်များထပ်ကာ၊ မဖြစ်ပါသင့်
နှစ်ခါသေငြား၊ သေသူ့အမှားမို့
ကျား၏မာယာ၊ စဉ်းလဲစွာကို
သေချာသတိ၊ မြင်အောင်ကြည့်၍
ရှယ်သည့်စခန်း၊ လမ်းဖြောင့်တန်းသို့
ခြေလှမ်းမှန်ကာ၊ စည်းလုံးစွာဖြင့်
ညီညာခရီးဆက်ကြစို့။ ။

ရန်နိုင်ဦး

၂၀၀၅ ခုနှစ် အိုင်စီတီရက်သတ္တပတ် ရန်ကုန်မြို့ MICT Park တွင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး နှစ်ပတ်လည်အခမ်းအနားနှင့် ရက်သတ္တပတ်ကို ယခင်နှစ်များနည်းတူ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ MICT Park တည်ရှိရာ လှိုင်မြို့နယ် ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အိုင်စီတီ ရက်သတ္တပတ်တွင် ဝန်ကြီးဌာန ပြခန်းများ၊ ပြည်တွင်းပြည်ပ အိုင်စီတီကုမ္ပဏီများမှ ကွန်ပျူတာပစ္စည်းများ၊ ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲများနှင့် နည်းပညာများကို ခင်းကျင်းပြသမည့် ပြခန်းပေါင်း ၂၀၀ ပါဝင်မည်ဖြစ်သည်။

၂၀၀၅ ခုနှစ် အိုင်စီတီ ရက်သတ္တပတ်တွင် Natural Language Processing, Capacity Building & Outsourcing Models, Information Security အစရှိသည့် အလုပ်ရုံဆွေးနွေးပွဲများကို လည်းကောင်း၊ Programming Web Development &Network Game ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ခင်းကျင်းပြသလိုသော ပြည်တွင်းပြည်ပမှကုမ္ပဏီများ၊ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ လှိုင်မြို့နယ်ရှိ MICT Park ဖုန်း–၆၅၂၂၇၂၊ ၆၅၂၂၇၃၊ ၆၅၂၂၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၁

(၁၉၂)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့်ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆုကြီး

ဎ–၄၄၈၀၁၄

ကျပ်သိန်း ၅၀ ဆုများ

ဟ–၃၀၆၄၄၆	န–၇၆၃၇၈၉
ဗ–၆၁၅၀၅၉	ကဂ–၂၄၀၁၃၂
လ–၂၁၂၅၈၇	ဈ–၉၄၈၅၀၀
သ–၄၂၈၄၇၂	ရ–၇၀၄၃၁၉
ယ–၃၉၆၁၂၁	စ–၃၆၅၄၁၂

ကျပ် ၂၅ သိန်းဆုများ

ဘ–၁၇၆၂၉၁	သ–၈၆၂၆၇၇
ည–၂၉၈၈၃၅	ဆ–၁၉၅၁၉၈
ထ–၈၂၃၁၄၅	ဓ–၉၄၈၄၂၀

ကက–၁၅၁၉၆၅	ခ–၅၅၃၂၈၅
ဆ–၆၃၁၅၁၄	ဠ–၂၈၆၁၉၄
ခ–၉၆၃၆၃၂	ဒ–၃၄၆၂၈၇

ကျပ်သိန်း ၅၀(မင်္ဂလာစုံတွဲ)ဆုများ

ကခ–၆၀၅၆၆၆	ဖ–၄၅၉၈၄၁
ခ–၉၂၇၄၉၆	အ–၈၉၀၂၇၇
ဓ–၈၈၀၅၅၃	အ–၅၉၂၀၇၀
ဠ–၅၉၈၈၆၇	ဟ–၁၇၈၁၁၇
န–၂၇၃၇၁၀	ဆ–၆၀၉၀၅၇
ဍ–၈၃၁၄၆၅	ဓ–၃၆၁၀၅၄
ကဂ–၇၉၉၂၅၃	မ–၅၈၉၃၀၈
တ–၆၁၈၀၇၀	ကဂ–၄၄၂၄၁၂
ကဂ–၆၂၀၄၁၀	ဗ–၅၃၅၃၉၅
ခ–၉၆၈၀၄၄	

တောင်သူလယ်သမားများ ဝင်ငွေတိုးပြီးသီးနှံအထွက်တိုးမှုတည်ငြိမ်စေရန် လက်ရှိစိုက်ပျိုးရေးမူဝါဒအတိုင်း တရုတ်ဆက်လက်ကျင့်သုံးသွားမည်

ပေကျင်း ဒီဇင်ဘာ ၃၀

၂၀၀၅ခုနှစ်တွင် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးလာစေရန်နှင့် သီးနှံအထွက်တိုးမှု တည်ငြိမ်စေရန်အတွက် ရင်းနှီးမှုရှိပြီးဖြစ်သော စိုက်ပျိုးရေးမူဝါဒများကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း တရုတ်ဗဟိုအာဏာပိုင်များက ကတိကဝတ်ပြုခဲ့ကြသည်။

လွန်ခဲ့သည့်နှစ်ရက်၌ ပေကျင်းတွင် ကျင်းပသည့် ဗဟိုလုပ်ငန်းညီလာခံ၌ အာဏာပိုင်များက ထိုသို့ ကတိကဝတ်ခံပြောကြားခြင်းဖြစ်ပြီး ယင်းညီလာခံသို့ ဒုတိယဝန်ကြီးချုပ် ဟူလီယန်ကျူတက်ရောက်ခဲ့သည်။

ဆွေးနွေး

ယင်းအစည်းအဝေး၌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ(စီပီစီ)နှင့် နိုင်ငံတော်ကောင်စီက ထုတ်ပြန်သော စိုက်ပျိုးရေးကိစ္စရပ်များဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို အစည်းအဝေး တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

ကောက်ချက်ချ

၂၀၀၄ခုနှစ်အတွင်း တရုတ်နိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် အပြုသဘောဆောင်သော လမ်းကြောင်းကို ထိန်းသိမ်းခဲ့သည့်ပြင် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတွင် ထူးခြားသော အောင်မြင်တိုးတက်မှုများ ရရှိခဲ့ကြောင်း အစည်းအဝေးက ကောက်ချက်ချခဲ့သည်။

ယခုနှစ်တွင် တရုတ်နိုင်ငံသည် သီးနှံအထွက်တိုးခဲ့ရာ အကျိုးဆက်အနေဖြင့် လယ်သမားများ၏ ဝင်ငွေသည် လျင်မြန်စွာ တိုးတက်ခဲ့သည့်ပြင် ကျေးလက်ဒေသလည်း ပြုပြင်ပြောင်းလဲခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ငါးနှစ်အရွယ် ကလေးငယ် အသက်ရှင်လျက် ပြန်တွေ့

ဆစ်ဒနီ ဇန်နဝါရီ ၁

ဆူနာမီ ဒီလှိုင်းရိုက်ခတ်ချိန်တွင် ဩစတြေးလျနိုင်ငံအနောက်ပိုင်း ပါ့သ်မြို့မှ ကျီလီယာန် ဆီယာလီနှင့် သူမ၏ သားငယ် နှစ်ဦးဖြစ်သော လာချီ ငါးနှစ်နှင့် ဘလိပ်ခ် နှစ်နှစ်တို့သည် ထိုင်းနိုင်ငံ တောင်ပိုင်း ဖူးခက်ကျွန်းရှိ ဟိုတယ် ရေကူးကန်အနီး၌ ရှိနေခဲ့ကြသည်။

ကြီးမားလှသော ဆူနာမီ ဒီလှိုင်းများက ဖူးခက် အပန်းဖြေကျွန်းကို ရိုက်ခတ်ချိန်တွင် သူမသည် သားငယ် နှစ်ဦးစလုံးကို ဖက်တွယ်ထားနိုင်စွမ်း မရှိတော့ဘဲ သားကြီးဖြစ်သူ လာချီမှာ ဒီလှိုင်းနှင့် အတူ လွင့်မျော သွားခဲ့သည်။

သို့ရာတွင် သားကြီး ဖြစ်သူ လာချီမှာ သေကံမရောက် သက်မပျောက်ဘဲ နောက်နှစ်နာရီအကြာ၌ တံခါးချပ်ကို ဖက်တွယ်လျက် ထိတ်လန့် ချောက်ချားစွာဖြင့် အသက်ရှင်လျက် ပြန်တွေ့ခဲ့ရသည်။ သူမသည် ကံကောင်းထောက်မစွာဖြင့် သူမ၏သားငယ်နှစ်ဦးအပြင် ခင်ပွန်းဖြစ်သူ ဘရက်ဒ်နှင့်ပါ ပြန်လည်ပေါင်းစည်းနိုင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ပြသ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဆမ်ဆောင်း ကုမ္ပဏီကတီထွင် ထုတ်လုပ်လိုက်သော ဂိမ်းနှင့် တွဲဖက်ထားသည့် နောက်ဆုံးပေါ် ကက်ဆက် အသေးစား တစ်ခုအား အရောင်းဝန်ထမ်း တစ်ဦးက ပြသနေသည်ကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပို့ကုန်ထိန်းချုပ်ရေးဆိုင်ရာဥပဒေစနစ် တရုတ်နိုင်ငံက ဆောင်ရွက်ထားရှိကြောင်း အစီရင်ခံဖော်ပြ

ပေကျင်း ဒီဇင်ဘာ ၂၈

မပြန့်ပွားရေး ပို့ကုန်ပစ္စည်းများ ထိန်းချုပ်မှုဆိုင်ရာ ပြီးပြည့်စုံသော ဥပဒေစနစ်တစ်ရပ်ကို တရုတ်နိုင်ငံက ဆောင်ရွက်ထားရှိကြောင်း နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးက တနင်္လာနေ့၌ ထုတ်ပြန်သော ပါလီမန်သို့တင်သွင်းမည့် အစိုးရ၏မူဝါဒအစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါ ဥပဒေစနစ်တွင် နျူကလီးယား၊ ဇီဝဗေဒ၊ ဓာတုဗေဒ၊ ဒုံးပျံနှင့် အခြားတုံ့ပြန်ဓာတ်ပြုနိုင်သောပစ္စည်းများနှင့် နည်းပညာများ အကျုံးဝင်ကြောင်းအစီရင်ခံစာ၌ဖော်ပြထားသည်။

မကြာသေးမီနှစ်များအတွင်းက အဖျက်စွမ်းအားကြီးမားသောလက်နက်များ(ဒဗလျူအမ်ဒီ) ပြန့်ပွားခြင်းနှင့် ၎င်းတို့အား ဖြန့်ဖြူးပေးပို့ခြင်းတို့သည် နိုင်ငံတကာ လုံခြုံရေးကို အဓိကခြိမ်းခြောက်သည့် အချက်များ ဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံသည် ဒဗလျူအမ်ဒီ ပြန့်ပွားခြင်းကို ပြတ်ပြတ်သားသား ကန့်ကွက်ခဲ့ပြီးပြန့်ပွားမှုကိုမထောက်ခံသည့် မူဝါဒကို ကျင့်သုံးခဲ့သည်။

ထို့ပြင် ဒဗလျူအမ်ဒီတီထွင်ထုတ်လုပ်မည့်အခြားနိုင်ငံများကိုလည်း အားမပေးသည့်အပြင်အထောက်အကူလည်း မပေးဘဲထားခဲ့သည်ဟု ၂၀၀၄ ခုနှစ်အတွင်းတရုတ်နိုင်ငံ၏ အမျိုးသားကာကွယ်ရေးခေါင်းစဉ်ဖြင့် ရေးသားထားသော အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီတိုးတက်ရေး ဝန်ဆောင်မှုကဏ္ဍ တိုးတက်မြှင့်တင်ဆောင်ရွက်

ဟန္ဒိုင်း ဒီဇင်ဘာ ၃၁

ဗီယက်နမ်အစိုးရ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)သည် လောလောဆယ်တွင် ၃၉ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ပြည့်နှစ်တွင် ၄၅ရာခိုင်နှုန်း တိုးတက်လာရေး ဝန်ဆောင်မှု ကဏ္ဍအမျိုးအစားကို တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းချက်ထား ဆောင်ရွက်ခဲ့သည်။

လာမည့်ငါးနှစ်အတွင်း ယင်းဝန်ဆောင်မှုကဏ္ဍ နှစ်စဉ်တိုးတက်နှုန်းမှာ ယခုနှစ်ခန့်မှန်းတွက်ချက်မှုအရ ၇ ဒသမ ၅ နှင့် နှိုင်းယှဉ်ရာတွင် ၁၀ ရာခိုင်နှုန်းကျော် တိုးလာရမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တိုးတက်

ယခုနှစ်ကုန်ပိုင်းတွင် ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ဟိုတယ်နှင့်ပင်လယ်ရပ်ခြားပို့ဆောင်ရေးနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်ထားသည့် လေကြောင်း ပို့ဆောင်ရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ဘဏ်လုပ်ငန်း၊ငွေကြေးနှင့် နည်းပညာလွှဲပြောင်းမှု စသော လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဖန်တီး

ဗီယက်နမ်နိုင်ငံသည် ဝန်ဆောင်မှုကဏ္ဍတွင် စီးပွားရေးကဏ္ဍအားလုံးအတွက် ပိုမိုမျှတစွာ ပေါ်ပေါက်လာစေရန် ဖန်တီးခြင်းလည်းဖြစ်ကြောင်း၊ ၎င်းသည် အစိုးရကဏ္ဍမဟုတ်သည့် ကဏ္ဍ၏ကမ်းလှမ်းချက်အပေါ် အဆင်ပြေစေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ၏ နယ်ပယ်များတွင် ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာဆိုင်ရာ အာကာသစခန်းယာဉ်ပေါ်ရှိ အာကာသယာဉ်မှူးနှစ်ဦး ချိုချဉ်သကြားလုံးများကိုသာ ငါးပတ်ကြာမျှ စားသုံးနေခဲ့ကြရ

မီယာမီ ဒီဇင်ဘာ ၃၁

အမေရိကန်နှင့်ရုရှား အာကာသယာဉ်မှူးနှစ်ဦးတို့သည် ၎င်းတို့အရင် နိုင်ငံတကာဆိုင်ရာ အာကာသစခန်းယာဉ်ပေါ်၌ တာဝန်ထမ်းဆောင်သွားခဲ့ကြသူများက အစားအစာသိုလှောင်ခန်းအတွင်းရှိ အစားအစာများကို မွေ့နှောက်ရှာဖွေစားသောက်သွားခဲ့ကြသည့်အတွက်ကြောင့် ငါးပတ်ကြာမျှ ချိုချဉ်သကြားလုံးသို့မဟုတ် ချောကလက်များကိုသာ အားထားစားသောက်ခဲ့ကြရကြောင်း အာကာသစခန်းယာဉ်ပေါ်မှနေ၍ ဗုဒ္ဓဟူးနေ့က သတင်းစာ ရှင်းလင်းပွဲပြုလုပ်ရာတွင် အမေရိကန် အာကာသယာဉ်မှူး လီရွိုင်ချီအာအိုက ပြောကြားသည်။

မိမိတို့နှစ်ဦးစလုံး ကိုယ်အလေးချိန် ပေါင်အနည်းငယ်မျှ လျော့ကျသွားခဲ့ကြကြောင်း ၎င်းကပြောကြားသည်။ ချီအာအိုနှင့် ရုရှားအာကာသယာဉ်မှူး ဆာလစ်ဇ်ဟန်ရှာရီပေါ့တို့နှစ်ဦးသည် အာကာသစခန်းယာဉ်သို့ အောက်တိုဘာလထဲ၌ရောက်ရှိခဲ့ကြပြီး ၎င်းတို့အရင် နိုင်ငံတကာစခန်းယာဉ်၌ အမှုထမ်းသွားခဲ့ကြသူများက ၎င်းတို့၏ အစားအစာခွဲတမ်းများကိုပါ စားသုံးခဲ့ကြခြင်းကြောင့် ၎င်းတို့သည် အစားအစာများ လျော့နည်းခဲ့ကြရသည်။

ပြောကြား

၎င်းတို့သည် စားသုံးခွင့်ရခဲ့ကြသော်လည်း ၎င်းတို့မည်ရွေ့မည်မျှ စားသုံးခဲ့ကြသည်ဆိုခြင်းကို မှတ်တမ်းရေးမထားခဲ့ကြကြောင်း၊ မိမိတို့စခန်းယာဉ်ပေါ်သို့ရောက်သည့်အခါ၌ အစားအစာများသည် မိမိတို့အတွက် လုံလောက်မှုမရှိသည်ကို သိခဲ့ကြရကြောင်း ချီအာအိုကပြောကြားသည်။

ချီအာအိုနှင့် ရှာရီပေါ့တို့နှစ်ဦးသည် စနေနေ့၌ ပေးပို့လိုက်သော အစားအစာသစ်များရောက်လာသည့် အချိန်ထိတိုင်အောင် ၎င်းတို့၌ရှိနေသော အစားအစာများဖြစ်သည့် ချိုချဉ်သကြားလုံးသို့မဟုတ် ချောကလက် တို့ကိုသာ ချွေတာစားသုံးခဲ့ကြရသည်။

လူလိုက်ပါထိန်းကျောင်းခြင်းမရှိသော ရုရှားထောက်ပံ့ရေးအာကာသယာဉ်သည် အစားအစာ၊ ရေ၊ ပစ္စည်းကိရိယာနှင့် အခြားထောက်ပံ့ရေး ပစ္စည်းများအပြင် မိသားစုဓာတ်ပုံများကို သယ်ဆောင်ကာ နိုင်ငံတကာဆိုင်ရာ အာကာသစခန်းယာဉ်သို့ စနေနေ့က ပို့ဆောင်ပေးနိုင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဆီးနှင်းများဖုံးလွှမ်း

အာရပ်စော်ဘွားများနိုင်ငံတွင် မကြုံစဖူးထူးကဲစွာ ပထမဆုံး အကြိမ် ဆီးနှင်းများကျရောက်ခဲ့ပြီးနောက် ရာစ်အယ်လ်ခေမာ ဒေသရှိ တောင်တန်းများပေါ်တွင် ဆီးနှင်းဖြူများဖုံးလွှမ်းလျက်ရှိသော မြင်ကွင်းကို ဒီဇင်ဘာ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) ၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၈)ရပ်နှင့် မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့်ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

✡ ***ရွှေဖုံးမှ***

ယင်းနောက် အခမ်းအနားအစီအစဉ်များကို မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူလေးများက **'ပြည်မြန်မာ'** သီချင်းနှင့် **'ရာသက်ပန် ပြည်ထောင်စု'** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် အစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိ မကွေးတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် အသင်းကြီး၏သက်တမ်း ၁၁ နှစ်တာ ကာလအတွင်း နှစ်စဉ် ကျင်းပမြဲဖြစ်သည့်အတိုင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ကို ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကျင်းပခဲ့ရာ ချမှတ်ထားသည့် ဦးတည်ချက်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကိုရှေးရှု၍ အသင်းအဆင့်ဆင့်က ကိုယ်စားလှယ်များသည် မိမိတို့အသင်း၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို စုံညီအစည်းအဝေးများနှင့် ကဏ္ဍအလိုက်နှီးနှောဖလှယ်ပွဲများ၌ အလေးထားဆွေးနွေးခဲ့ကြပြီး နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသား မိဘပြည်သူများ၏ အကျိုးစီးပွားများကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အစည်းအဝေးကြီး၌ ချမှတ်ခဲ့ကြောင်း။

ရည်ရွယ်ကျင်းပ

ဤအစည်းအဝေးကြီးက ချမှတ်ပေးခဲ့သည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များမှာ နိုင်ငံတော်ကြီးကို ကာကွယ်တည်ဆောက်ရေးဆိုင်ရာ ခံယူချက်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ထမ်းဆောင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ မိမိအသင်းကို အရည်အချင်းမြင့်မားအောင် တည်ဆောက်ရေးဆိုင်ရာ ချမှတ်ချက်များ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၈)ရပ်နှင့် မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းစဉ်များကို အသင်းဝင်များသာမက မကွေးတိုင်းအတွင်းရှိ ရည်မှန်းချက်တူညီသည့် မိတ်ဖက်လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူတို့၏ ကိုယ်စား မြို့မိမြို့ဖများနှင့် မျိုးဆက်သစ်လူငယ်များအားလုံးသိရှိပြီး ညှိနှိုင်းဆောင်ရွက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံနှင့်လူမျိုးဂုဏ်မြှင့်တင်

ယနေ့ကာလသည် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးသည် တစ်မျိုးသားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှ ရည်မှန်းချက်ပန်းတိုင်ကို မြန်ဆန်ချောမွေ့စွာ ရောက်ရှိမည်ဖြစ်ကြောင်း၊ အမျိုးသားရေးတာဝန်အသိစိတ်ဓာတ်သည် နိုင်ငံသားတိုင်း၌ ကိန်းအောင်းရမည့် မွန်မြတ်သော စိတ်ဓာတ်ဖြစ်သည့်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံဂုဏ်နှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်စွမ်းရှိကြောင်းဖြင့် ပြောကြားသွားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်အောင်မြင်အောင် စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို မကွေးတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးကျော်သူဦးက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ်(၈)ရပ် အောင်မြင်အောင် စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဆွေက ဆွေးနွေးတင်ပြသည်။

ယင်းနောက် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်မောင်က မကွေးတိုင်းအတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထောက်ခံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၈)ရပ်နှင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် ပခုက္ကူခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောဝင်းက ထောက်ခံဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မကွေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာလှိုင်က ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် မင်းဘူးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နိုင်က ထောက်ခံဆွေးနွေးတင်ပြသည်။

ဆက်လက်၍ သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ယဉ်ယဉ်လှက ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ်အရ ထူးချွန်လူငယ်များအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေး၊ မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်ကြူကြူခိုင်တို့က ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆုံးဖြတ်အတည်ပြု

ထို့နောက် သဘာပတိက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၈)ရပ်နှင့် မကွေးတိုင်းအတွင်း ဆောင်ရွက်ရန် လျာထားသည့်လက်တွေ့လုပ်ငန်းများကို မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ကြေညာပြီး ဆုံးဖြတ်အတည်ပြုကြသည်။

ယင်းနောက် အစည်းအဝေးကို ကြွေးကြော်သံများဖြင့် နံနက် ၁၀နာရီ ၄၅မိနစ်တွင်ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဆွေက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၌ ချမှတ်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်(၈)ရပ်ကို ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်သူဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်မောင်က မကွေးတိုင်းအတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ဂန့်ဂေါခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

ပခုက္ကူခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

မင်းဘူးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

မကွေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာလှိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

သရက်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ယဉ်ယဉ်လှက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုရည်ရွယ်၍ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် တိုင်းရင်းသားရိုးရာ အစားအစာများနှင့် စားသောက်ကုန်မျိုးစုံတို့ကို တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များက ရောင်းချသွားမည်ဖြစ်သည်။ ထို့အပြင် စတီရီယိုတေးသံရှင်များနှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၏ ဂီတဖျော်ဖြေပွဲနှင့် ပွဲတော်သို့လာရောက်ကြသူများ ပါဝင်ဆင်နွှဲနိုင်ရန် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ဖုန်း-၃၇၀၅၀၇၊၃၇၀၅၀၈၊၀၅၆-၂၁၁၀၅၊ ၀၉၅၀-၁၇၂၆၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂-၁-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ ဆပ်သွားတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ **(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**အပိုင်း(၅၇)
၁၂း၂၅ ၅။ ပုလင်းရေလှောင်တမံ
၁၂း၃၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်းရာ ကောင်းကြောင်း" **ရဲမင်းပိုင်၊ အောင်ပိုင်၊ ဟန်နီထွန်း၊ ရွှန်းလဲ့ဦး** (ဒါရိုက်တာ - ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၁၄း၀၀ ၇။ တေးဂီတအစီအစဉ်
၁၄း၁၅ ၈။ အတီးပြိုင်ပွဲ
၁၄း၃၀ ၉။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နမ့်မွေတံတား
၁၄း၄၅ ၁၀။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၁၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- ဒုတိယနှစ်(ရုက္ခဗေဒ အထူးပြု)(ရုက္ခဗေဒ)
၁၆း၃၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၆း၄၀ ၅။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၆း၅၀ ၆။ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၀၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၇း၅၀ ၈။ **Tiger Cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ)(ဒုတိယပွဲစဉ်) (စင်ကာပူနှင့် မြန်မာ)**
၂၀း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ **အချုပ်အခြာအာဏာ ခွန့်ရည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု "နှစ်ဆယ့်လေးမည် ရောင်စုံပွင့်လန်းအလှပန်း"**(အပိုင်း-၂)
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၆)

ဝိပဿနာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁

ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ ဆဌမအကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များနှင့် ကမ္မဋ္ဌာနာစရိယများ မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပညာရည်မြင့်မားရေးစာသင်ခန်းများ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၂၄ရက်နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက်တိုင်းမှူးသည်ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ဆေးရုံတွင် လူနာများ အသုံးပြုရန် အောက်ဆီဂျင်စက်တစ်လုံး ဝယ်ယူရန်အတွက် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်သုံးသိန်းကို တိုင်းမှူးကလည်းကောင်း၊ အလှူရှင် ဦးမောင်လေးက ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာသန်းဝင်းက လက်ခံရယူသည်။

ဖြည့်ဆည်းပေး

ထို့နောက်တိုင်းမှူးသည် ဘုတ်ပြင်းမြို့ မာရ်အောင် ကျောင်းတိုက်သို့ ရောက်ရှိပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒေါ်ခင်စိုး(အဏ္ဏဝါစိုး ကုမ္ပဏီ) က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်အတွက် ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းဆောက်လုပ်ရေး တာဝန်ခံ ဦးမောင်လေးက လက်ခံရယူသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တနင်္သာရီမြို့သို့ ရောက်ရှိပြီး မြို့နယ်အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံရာ တိုင်းမှူးက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လုပ်ငန်းလိုအပ်ချက်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်တိုင်းမှူးသည် အဆိုပါအခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး စာသင်ခန်းများအားလှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

မဇ္ဈိမဂုဏ်ရည်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်သည် ဇန်နဝါရီ၂ရက် ည၇နာရီတွင် ကျောက်တန်း မြို့မဈေးဓမ္မသဘင်၊ ၆၊ ၇ရက်ည ၈နာရီတွင်သာကေတမြို့နယ် (၉)ရပ်ကွက် ရတနာပုံ၂လမ်း ဓမ္မသဘင်၊၁၂ရက် ည၇နာရီတွင် မြောက်ဥက္ကလာပ ဘုန်းကြီးလမ်းအောင်ဓမ္မာရုံ ဓမ္မသဘင်၊ ၁၄၊ ၁၅ရက် ည ၈နာရီတွင် သာကေတမြို့နယ် ၃/မာန်ပြေ မာရဝိဇယဓမ္မာရုံ ဓမ္မသဘင်၊ ၁၆ရက် ည ၈နာရီတွင် ကျောက်တန်းမြို့နယ် မြိုင်သာယာကွက်သစ် ပြည်တော်အေးကျောင်း ဓမ္မသဘင်၊ ၁၇ရက်ည ၇နာရီတွင် သဃ်န်းကျွန်းမြို့နယ် ပန်းရိုက်လမ်း သာသနရက္ခိတ ဆွမ်းလောင်းအသင်းဓမ္မသဘင်၊ ၁၈ရက် ည ၇နာရီတွင် ဒေါပုံမြို့နယ် အေးရွာကျောင်းဓမ္မသဘင်၊ ၂၁ရက် ည၇နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိဆန်လှူအသင်းဓမ္မသဘင်၊ ၂၄ရက် ည၇နာရီတွင် အင်းစိန်မြို့နယ် ရွာမအနောက် သဒ္ဓမ္မပါလစာသင်တိုက် စာအောင်ဆုနှင်းပွဲဓမ္မသဘင်နှင့် ၃၁ရက် ည၇နာရီခွဲတွင် ရွှေပြည်သာ ဗ/၁၃ရပ်ကွက် ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ငပလီကမ်းခြေတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလားသစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၃)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်း ဇဟိုမဏ္ဍပ်ရှေ့ဥပစာ၌ ကျင်းပသည်။

ရှေးဦးစွာ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၃)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးဦးအောင်စိုးက ပြပွဲ ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြပွဲပြိုင်ပွဲကို မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဦးဆောင်နာယကကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော ပြိုင်ပွဲဝင်သစ်သီးဝလံပန်းမန်များကို ကြည့်ရှုကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်မည်

ထို့နောက် ဆုချီးမြှင့်ပွဲကို နံနက်၁၀နာရီတွင် အဆိုပါမင်းဓမ္မပြပွဲ ပြိုင်ပွဲကွင်း ဇဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲအသီးသီးတွင် ပထမ၊ဒုတိယ၊တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း ဦးဆောင်နာယကကြီးများဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ခင်သက်ဌေးတို့က ဆုများပေးအပ် ချီးမြှင့်ကြပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တံခွန်စိုက်ဆုရ ဦးအောင်ဇော်ဦးအား တံခွန်စိုက်ဆုနှင့် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ခင်းကျင်းပြသ

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့တော်ဝန်ဖလား (၁၃)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ၌ ပန်းအလှပြင်ဆင်ခြင်းပြိုင်ပွဲတွင် ၂၄မျိုး၊ ပြည်တွင်းသစ်ခွ(သဇင်) ပြိုင်ပွဲတွင် သုံးမျိုး၊ နှင်းဆီပြိုင်ပွဲတွင် ၂၁ မျိုး၊ ပြည်တွင်းသစ်ခွ(အခြား) ပြိုင်ပွဲတွင် ၂၁မျိုး၊ အရွက်လှ(In Door)ပြိုင်ပွဲတွင် ၂၈မျိုး၊ ရွက်လှပင်(Out Door) ပြိုင်ပွဲတွင် ၃၃ မျိုး၊ ပန်းအလှပင် ပြိုင်ပွဲတွင် ၁၃မျိုး၊ ပြည်ပသစ်ခွ (ဒင်ဒရိုဘီယမ်) ပြိုင်ပွဲတွင် ၁၂မျိုး၊ ရာသီပန်းပြိုင်ပွဲတွင် ၆၈မျိုး၊ ပြည်ပသစ်ခွ(ဗင်ဒါ) ပြိုင်ပွဲတွင် ၁၀မျိုး၊ ပိန်းပန်းပြိုင်ပွဲတွင် ၁၇မျိုး၊ ပြည်ပသစ်ခွ(ကတ်တလီယာ)ပြိုင်ပွဲတွင် ၁၇ မျိုး၊ ရှားစောင်းပင်ပြိုင်ပွဲတွင် ၃၁ မျိုး၊ သစ်သီးဝလံ ပြိုင်ပွဲတွင် ၁၉မျိုး၊ သက်ကြီးပုပင် (ဘွန်ဆိုင်း)ပြိုင်ပွဲတွင် ၄၈မျိုး၊ အသီးပါအပင် (ရာသီ)ပြိုင်ပွဲတွင် ၃၇ မျိုး၊ အသီးပါအပင်(နှစ်ရှည်) ပြိုင်ပွဲတွင် ၁၀ မျိုးနှင့် ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင် ၂၂မျိုး ပါဝင်ယှဉ်ပြိုင်ကြပြီး ဌာနဆိုင်ရာနှင့်ပုဂ္ဂလိက သစ်သီးဝလံ ပန်းပင်ဆိုင်ခန်းပေါင်း ၄၄၈ဆိုင် ခင်းကျင်းပြသထားသည်။ **(သတင်းစဉ်)**

ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသားများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသော B.A (Law)L.L.B° နောက်ဆုံးအပတ်စဉ် ကျောင်းသား ကျောင်းသူဟောင်းများ၏ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် Royal Garden Restaurant၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် အမည်၊ လိပ်စာ၊ ဖုန်း၊ အလုပ်အကိုင်တို့ကို ကိုသိန်းဆိုင် ဖုန်း-၀၉-၅၀၀-၂၂၉၄ (သမ္မတရပ်ရှင်ရုံ)နှင့် ကိုသိန်းထွန်း ဖုန်း-၀၉-၈၀-၂၃၇၇၈၊ ၇၀၄၉၁၁တို့သို့ ဆက်သွယ် ပေးပို့ရန်နှင့်အလှူငွေများထည့်ဝင်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြိတ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁

မြိတ်အသင်း(ရန်ကုန်) ၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် နှစ်(၉၀)ပြည့် အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိ ယုဇနပလာဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သက်ကြီးပူဇော်ပွဲအဖြစ် အသက် ၇၀ နှင့်အထက် ဘိုးဘွားများအား တက်ရောက်လာသူများက ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်က ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များနှင့် ပညာထူးချွန်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အသင်း အတွင်းရေးမှူးက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အသင်း နှစ်(၉၀)ပြည့် အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ငပလီဟိုတယ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး စိတ်ချမ်းမြေ့စွာအပန်းဖြေလျက်ရှိသော ဧည့်သည်များအားတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်တွင် လေကြောင်းခရီးစဉ်ဖြင့် ငပလီသံတွဲလေဆိပ်သို့ရောက်ရှိပြီး လေဆိပ်၌ ပြည်တွင်းပြည်ပဧည့်သည်များဝင်ရောက်မှုကိုကြည့်ရှုသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် Amazing Ngapali Hotel သို့ရောက်ရှိပြီး ဧည့်ကြိုခန်းမ၊ ရေကူးကန်၊ စားသောက်ခန်းမနှင့်အဆင့်မြင့် အိပ်ခန်းဆောင်များကိုကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် Sandoway Resort သို့ ရောက်ရှိရာ တိုးချဲ့ တည်ဆောက် ပြီးစီးသည့် လုံးချင်း အိပ်ခန်းဆောင်၊ အဆင့်မြင့် စားသောက်ခန်းမ၊ နားနေဆောင်နှင့် ရေကူးကန်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဟိုတယ်၌ တည်းခိုနေထိုင်လျက်ရှိသော ပြည်တွင်း ပြည်ပဧည့်သည်များကို ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် Ngapali Amata Hotel သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကမ်းခြေ သဲသောင်ပြင်၌ စိတ်အေးချမ်းမြေ့စွာအပန်းဖြေလျက်ရှိသောပြည်တွင်း ပြည်ပ ဧည့်သည်များကို ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ငပလီကမ်းခြေဟိုတယ်ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြင့်ပြုပြင်မွမ်းမံရေးအတွက် မှာကြားသည်။ ဆက်လက်၍ ငပလီကမ်းခြေဒေသဖွံ့ဖြိုးရေးပင်မစီမံကိန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ငပလီကမ်းခြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်တည်ဆောက်ဆောင်ရွက်လျက်ရှိသော Ngapali Treasure Beach Hotel, Jade Marina Resort နှင့် Thande Beach Hotel စီမံကိန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီး သည် Ngapali Bay View Hotel ကို သွားရောက်ကြည့်ရှုပြီး ဟိုတယ်၌ အေးချမ်းပျော်ရွှင်စွာ တည်းခိုနေထိုင်လျက်ရှိသော ပြည်တွင်းပြည်ပ ဧည့်သည်များကို ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်သည်။

အပန်းဖြေအနားယူ

မြန်မာနိုင်ငံ၏ ငပလီ၊ချောင်းသာ၊ ငွေဆောင်စသည့် ကမ်းခြေဒေသများ၌ ပြည်တွင်းပြည်ပ ဧည့်သည်များသည် စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်စွာဖြင့် အပန်းဖြေအနားယူ နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** မြေလျှောင် ကြိုတင်ခန့်မှန်းချက်ကို မည်သည့်နိုင်ငံတွင်မျှ ဆောင်ရွက်နိုင်ခြင်းမရှိပါ။**

*** သို့ပါ၍ ပြည်သူများအနေဖြင့် ကောလာဟလများကို မယုံကြည်သင့်ပါ။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် တိုးတက်လာသည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့၌ တည်ဆောက်ဖွင့်လှစ်ထားသည့် မန္တလေးမြို့ တိုင်းရင်းဆေး တက္ကသိုလ်ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

ကျန်းမာရေးကဏ္ဍတွင် ၁၉၈၈ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ တိုးမြှင့်ဆောင်ရွက်မှုများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၄
၁။	ဆေးရုံ	၆၃၁	၇၉၆
၂။	ဆေးပေးခန်း	၂၄၇	၄၂၉
၃။	ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၂၄
၄။	ဒေသန္တရကျန်းမာရေးအဖွဲ့	၆၄	၈၄
၅။	တိုင်းရင်းဆေးခန်း	၉၉	၂၃၇
၆။	ဆရာဝန်	၁၂၂၆၈	၁၇၄၇၆
၇။	သွားဘက်ဆိုင်ရာဆရာဝန်	၈၅၇	၁၂၇၃
၈။	လက်ထောက်ကျန်းမာရေးမှူး	၁၂၃၈	၁၇၃၉
၉။	သွားဘက်ဆိုင်ရာသူနာပြု	၉၆	၁၂၃
၁၀။	ကျန်းမာရေးဆရာ	၁၅၅၇	၂၆၇၉
၁၁။	သူနာပြု	၈၃၄၉	၁၆၀၇၉
၁၂။	သားဖွားဆရာမ	၈၁၂၁	၁၅၁၃၀
၁၃။	တိုင်းရင်းဆေးဆရာ	၂၉၀	၇၆၀
၁၄။	သာမန်အသုံးစရိတ်(ကျပ်သန်းပေါင်း)	၃၄၇.၁၀	၁၀၃၈၂.၀
၁၅။	ငွေလုံးငွေရင်းအသုံးစရိတ် (ကျပ်သန်းပေါင်း)	၁၁၇.၀၀	၁၀၀၁၄.၆

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးအတွက် နိုင်ငံတော်က ကြီးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ တည်ဆောက် ဖွင့်လှစ်ခဲ့သည့် အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံကို တွေ့ရစဉ်။



နယ်ချဲ့ ပရိယာယ် အစဉ် သတိပြု ကာကွယ်

ကိုလိုနီလက်သစ်တို့ အန္တရာယ် သတိပြုကာကွယ်

တက္ကသိုလ် မြတ်သူ

ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်ဆိုင်သော နိုင်ငံဖြစ်သည်။ ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ကျူးကျော်မှုခံရပြီး ကျွန်ဘဝသို့ ကျရောက်ခဲ့ရာမှ တိုင်းရင်းသားပြည်သူတို့၏ အသက်ပေါင်းများစွာ ရင်းနှီးပြီးမှ ဆုံးရှုံးသွားသော မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်တွင် ပြန်လည်ရယူခဲ့ရသည်။ လွတ်လပ်ရေးဟူသည် အကြင်နိုင်ငံသားတို့၏ အဆင့်အတန်း (လွတ်လပ်သောလူမျိုးအဖြစ် ကမ္ဘာ့အလယ်၌ မားမားရပ်ပြနိုင်သော အဆင့်အတန်း) နိုင်ငံသားတို့ လွတ်လပ်ငြိမ်းချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်စွာနေနိုင်စေသည့် မဟာအခွင့်အလမ်း၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးသဘောဆန္ဒ၊ ရိုးရာအစဉ်အလာ၊ ဘိုးဘွားအမွေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ့်နိုင်ငံအတွက် အကောင်းဆုံး ဖြစ်စေမည့်ပုံစံကို ရွေးချယ်တည်ဆောက်ခွင့် စသည့်အတိုင်းအဆမရှိ ကျယ်ပြောသော အချုပ်အခြာ ပိုင်ဆိုင်မှုပင်ဖြစ်သည်။

ဆုံးရှုံးသွားလျှင် ကျားကုတ်ကျားခဲ စွန့်လွှတ်စွန့်စား ပြန်လည်တိုက်ယူ၊ လက်ဝယ်ပြန်ရလျှင် နောက်ထပ်အဆုံးရှုံးမခံရအောင် ကာကွယ်စောင့်ရှောက်ရမည့်အရာကား နိုင်ငံလွတ်လပ်ရေးပင်ဖြစ်သည်။ ကိုလိုနီဝါဒီခေါ် နယ်ချဲ့သမားတို့၏ မတော်လောဘကြောင့် မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများစွာ ကျူးကျော်ကျွန်ပြုခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီကပင် သူ့ကျွန်ဘဝမှလွတ်အောင် နိုင်ငံအများအပြားတွင် တိုက်ပွဲဝင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးကို နိုင်ငံအများတန်းစီပြီးရယူခဲ့ကြသည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ရက်နေ့တွင် ၅၁နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် လွတ်လပ်ရေးပြန်လည်ရရှိလာသော ထွန်းသစ်စ (ယနေ့အခေါ် ဖွံ့ဖြိုးဆဲ)နိုင်ငံ တစ်ရာကျော် အဖွဲ့ဝင်ဖြစ်လာကြသည်။ ကုလသမဂ္ဂအဖွဲ့ကြီးက ကိုလိုနီနယ်ချဲ့စနစ်ကို ဖျက်သိမ်းအရေးယူခဲ့သည်။ ကိုလိုနီစနစ်မှာ အင်အားသုံးပြီး နိုင်ငံများကို ကျူးကျော်သိမ်းပိုက်ကာ ယင်းလူမျိုးများကို ကျွန်ပြု၊ ယင်းနိုင်ငံ၏ ကြွယ်ဝသမျှသော ဓနဥစ္စာများကို နှစ်ပေါင်းရာချီ အုပ်စိုးခြယ်လှယ် သွေးစုပ်ခြင်းပင်ဖြစ်သည်။ ကျွန်ပြုခံနိုင်ငံသားများအား လူတစ်လုံး သူတစ်လုံး ဖြစ်ခွင့်မပေး နှိပ်ကွပ်ထားခဲ့သည်။ လိုအပ်သလို ဖိနှိပ်ညှဉ်းပန်းသည်။

ကိုလိုနီစနစ်ဟောင်းမှာ အရင်းရှင်စက်မှုနိုင်ငံများက ၎င်းတို့လိုအပ်သည့် ကုန်ကြမ်းများ၊ လောင်စာစွမ်းအင်များ၊ လုပ်ခချိုသာသော လုပ်အားများ၊ ရင်းနှီးမြှုပ်နှံမှုစားကျက်များကို တရားသဖြင့် တန်ရာတန်ဖိုးမပေးဘဲ မတန်တဆချိုးနှိမ်ကာ ကုပ်သွေးစုပ်ရယူရန် နယ်ချဲ့ခြင်း ဖြစ်သည်။ ထိုလုပ်ခွင့်ကို နယ်ချဲ့တို့က ပုံလောင်းထားသော အရင်းရှင်ဒီမိုကရေစီ (လွတ်လပ်စွာကုန်သွယ်အမြတ်ရှာခွင့်) ကျင့်သုံးခွင့်ဟု ဆိုခဲ့သည်။

ကမ္ဘာကြီးနှင့် ကုလသမဂ္ဂတို့က ကိုလိုနီစနစ်(ဟောင်း)၊ အင်အားသုံး ကျူးကျော်တိုက်ခိုက် အုပ်စိုးခြယ်လှယ်သွေးစုပ် အမြတ်ထုတ်သော လုပ်ရပ်ကို ပယ်ချခဲ့၊ ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ သို့သော် ခေတ်မီ အဆင့်မြင့်ကုန်ထုတ် စက်မှုနည်းပညာတိုးတက်လာသော အဆိုပါ အရင်းရှင်နိုင်ငံကြီးများအဖို့ လောင်စာစွမ်းအင်၊ စက်မှုကုန်ကြမ်း၊ ဈေးချိုလုပ်သား၊ ရင်းနှီးမြှုပ်နှံမှုစားကျက်နှင့် ကုန်ချောဈေးကွက် လိုအပ်ချက်က ပိုမိုကြီးထွားလာသည်။ ကမ္ဘာနှင့်ကုလသမဂ္ဂတို့က ကိုလိုနီစနစ်ကို ပြန်လည်ကျင့်သုံးခွင့်မပြုသည့်အတွက် အချို့(စိတ်ထားကောင်းသော) အရင်းရှင်နိုင်ငံများက လောင်စာစွမ်းအင်ကို တန်ဖိုးပေးဝယ်သည်။ ကုန်ကြမ်းကို တန်ရာတန်ကြေးပေးဝယ်သည်။ ဈေးချိုလုပ်သားများ ပြည်ပမှလက်ယပ်ခေါ်သုံးသည်။ ကုန်ချောဈေးကွက်ကို အချင်းချင်းယှဉ်ပြိုင်အနိုင်ရအောင် ကြိုးပမ်းသည်။ လက်ခံသောနိုင်ငံနှင့် အပြေအလည် ရင်းနှီးမြှုပ်နှံမှုစားကျက် ရှာယူကြသည်။

စေတနာစိတ်ထား အယူအဆမမှန်ကန်သေးသော နိုင်ငံကြီးအချို့က မိမိတို့ စစ်အင်အား စွမ်းပကားကိုချဲ့၊ နိုင်ငံရေး၊ စီးပွားရေး စွက်ဖက်မှုများအသုံးပြု၊ လိုအပ်လျှင်အင်အားသုံးကာ ကိုလိုနီပုံစံသစ် ဖော်ဆောင်လာကြသည်။ သူတို့သည် သူတစ်ပါးလက်ဝယ်မှ လောင်စာစွမ်းအင်၊ စက်မှုကုန်ကြမ်းမျိုးစုံ၊ လုပ်ခချိုသာသော အလုပ်သမားများ၊ ရင်းနှီးမြှုပ်နှံမှုစားကျက်နှင့် ကုန်ချောဈေးကွက်များကို ဈေးပေါပေါဖြင့် ရအောင် သွယ်ဝိုက်နယ်ချဲ့စနစ်သုံးလာသည်။

ကိုလိုနီပုံစံသစ်၏ အဓိကလက္ခဏာရပ်မှာ နိုင်ငံတစ်ခုမှ ၎င်းတို့ ခြယ်လှယ်မရနိုင်မည့် အစိုးရများကို ဆူပူမှု၊ ပြည်တွင်းစစ်၊ သောင်းကျန်းမှု အကျပ်ကိုင်ဖိအားပေးမှု၊ ပိတ်ဆို့နှောင့်ယှက်မှုတို့ဖြင့် ဖြုတ်ချဖယ်ရှားကာ ၎င်းတို့ဩဇာခံသော အစိုးရတင်ပေးပြီး နောက်ကွယ်မှ ခြယ်လှယ်ကြိုးကိုင်လျက် လိုအပ်ချက်မှန်သမျှ သွေးစုပ်ယူသောနည်း ဖြစ်သည်။ ယင်းသို့ မိမိ မလိုလားသည့်အစိုးရကို ဆန့်ကျင် တိုက်ခိုက်ဖြုတ်ချရန်နှင့် ရုပ်သေး အဖြစ်တင်မြှောက်ရန် ပြည်တွင်း၌ပင် လူမွေးခြင်း၊ ပြည်ပသို့ (ပြည်ပြေးအဖြစ်)ခေါ်ထုတ် မွေးမြူ ...

နိုင်ငံအများမှ နိုင်ငံသားများ စ...
ယင်းနိုင်ငံသားများ အရက်စွဲ၊ ဘိန်း...
ဘိန်းခန်းများဖွင့်ပေး၊ အရက်ဆိုင်များ...
မှာလည်း ကိုလိုနီများပင် ဖြစ်သည်။

အမျိုးသားစီးပွားရေး နာလန်ထ...

တိုင်းခြားသား စီးပွားရေးသမားများ ခေ...
များကို ဖြားယောင်းသိမ်းသွင်းလျက် အမ...
လုပ်လာခြင်းတို့သည်လည်း ကိုလိုနီ...

အရင်းရှင်စနစ်(နယ်ချဲ့)နိုင်ငံကြီး...
အခြားဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါ...
ဝင်လာသမျှ ချိုးနှိမ်ဖျက်ဆီးပစ်လေ့ရှိ...
လောဘတက်လောက်အောင် သယံဇ...
ပေးကာ လက်ဝဲနှင့်လက်ယာ၊ လက်ဝဲ...
အစဉ်ထာဝရ စည်းလုံးမှုမရှိ၊ အင်အား...

မြန်မာ့မြေကို ကျူးကျော်ဝင်ရော... တိုက်ထုတ်ခဲ့ရာ ကူမင်တန်အမှတ်(... ရန် ပြင်ဆင်ခဲ့ကြစဉ်။

ဝမ်းနည်းပူဆွေးငိုကြွေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ခါဒရာ ဆင်ခြေဖုံးရပ်ကွက်တွင် ကျူးကျော်သူ နယ်ချဲ့တို့၏ အင်အားသုံး အနိုင်ကျင့်မှုကြောင့် သေဆုံးသွားကြသော အီရတ်များအတွက် ဝမ်းနည်းပူဆွေး ငိုကြွေးနေကြသော ဆွေမျိုးများကို ဤသို့တွေ့ရသည်။

ဒုက္ခ ပင်လယ်ဝေ

အာဖရိကအလယ်ပိုင်းရှိ ရဝမ်ဒါနိုင်ငံတွင် ပြည်ပ၏ သွေးခွဲမှုကြောင့် လက်နက်ကိုင် ပဋိပက္ခများ၊ ပြည်တွင်းစစ်များ ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ ပြည်သူများ ဒုက္ခပင်လယ်ဝေ ခဲ့ကြရသည်။

အမျိုးသားစီးပွားရေး နာလန်ထူမလာစေရန် တိုင်းခြားသားပြုသမျှ နုရမည့် စီးပွားရေးစနစ်ဖန်တီးရန် တိုင်းခြားသား စီးပွားရေးသမားများ ခေါ်သွင်းလာခြင်း၊ ပြည်ပမှ (သရုပ်ပျက်)ယဉ်ကျေးမှုဖြင့် လူငယ်လူရွယ်များကို ဖြားယောင်းသိမ်းသွင်းလျက် အမျိုးသားယဉ်ကျေးမှုနှင့် မျိုးချစ် စိတ်ဓာတ် ဆိတ်သုဉ်းကွယ်ပျောက်အောင် လုပ်လာခြင်းတို့သည်လည်း ကိုလိုနီဝါဒီ များပင် ဖြစ်သည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက မသမာသူ အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် အပြစ်မဲ့ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာ ရရှိမှုဖြစ်စဉ်နှင့် အဆိုပါ အဖျက်အမှောင့် လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်းပြည်ပ အဖျက်သမား အဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့်စပ်လျဉ်း၍သတင်းစာရှင်းလင်းပွဲတွင် ဤသို့ရှင်းလင်းပြောကြားခဲ့သည်။

(ပြည်ပြေးအဖြစ်)ခေါ်ထုတ် မွေးမြူ အသုံးချခြင်းများလုပ်လာကြသည်။

နိုင်ငံအများမှ နိုင်ငံသားများ စည်းလုံးမှုမရှိ၊ ပြိုကွဲစေရန် ကျင့်သုံးခဲ့သည်မှာ ကိုလိုနီဝါဒီများဖြစ်သည်။ ယင်းနိုင်ငံသားများ အရက်စွဲ၊ ဘိန်းစွဲဖြစ်စေရန် ကမ္ဘာအနှံ့ဘိန်းခင်းများ ဖြန့်ကြက်စိုက်ပျိုးစေလျက် ဘိန်းခန်းများဖွင့်ပေး၊ အရက်ဆိုင်များလိုင်စင်ချပေးပြီး လူငယ်လူရွယ် များ၏ ဓာတိမာန်ကို ချိုးနှိမ်ခဲ့သည်မှာလည်း ကိုလိုနီများပင် ဖြစ်သည်။

အမျိုးသားစီးပွားရေး နာလန်ထူမလာစေရန် တိုင်းခြားသားပြုသမျှ နုရမည့် စီးပွားရေးစနစ်ဖန်တီးရန်

မြန်မာ့မြေကို ကျူးကျော်ဝင်ရောက်လာကြသော ကူမင်တန်တို့ကို မြန်မာ့တပ်မတော်က တွန်းလှန်တိုက်ထုတ်ခဲ့ရာ ကူမင်တန်အမှတ်(၉၃)ခြေလျင် တပ်မအကြွင်းအကျန်များ ၎င်းတို့ဒေသသို့ ထွက်ခွာရန် ပြင်ဆင်ခဲ့ကြစဉ်။

တိုင်းခြားသား စီးပွားရေးသမားများ ခေါ်သွင်းလာခြင်း၊ ပြည်ပမှ (သရုပ်ပျက်)ယဉ်ကျေးမှုဖြင့် လူငယ်လူရွယ်များကို ဖြားယောင်းသိမ်းသွင်းလျက် အမျိုးသားယဉ်ကျေးမှုနှင့် မျိုးချစ် စိတ်ဓာတ် ဆိတ်သုဉ်းကွယ်ပျောက်အောင် လုပ်လာခြင်းတို့သည်လည်း ကိုလိုနီဝါဒီများပင် ဖြစ်သည်။

အရင်းရှင်စနစ်(နယ်ချဲ့)နိုင်ငံကြီးများစွာတွင် အဆိုပါအရင်းရှင် ဝါဒ တစ်ခုတည်းကိုသာ ရှင်သန်စေလျက် အခြားဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးဝါဒများ အဝင်မခံ၊ ဝင်လာသမျှ ချိုးနှိမ်ဖျက်ဆီးပစ်လေ့ရှိကြသည်။ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အထူးသဖြင့် ၎င်းတို့လောဘတက်လောက်အောင် သယံဇာတကြွယ်ဝသည့် နိုင်ငံများတွင်မူ ပါတီစုံ၊ ဝါဒစုံစနစ်သွတ်သွင်းပေးကာ လက်ဝဲနှင့်လက်ယာ၊ လက်ဝဲချင်း၊ လက်ယာချင်း၊ ပဋိပက္ခများ၊ စစ်ပွဲများဖန်တီးလျက် ယင်းနိုင်ငံအစဉ်ထာဝရ စည်းလုံးမှုမရှိ၊ အင်အားချည့်နဲ့စေရန်၊ ၎င်းတို့အလွယ်တကူ (ယာလည်းညက်စေ၊ ကြက်လည်းပန်းစေနည်းဖြင့်) ဝင်ရောက်ချုပ်ကိုင်နိုင်ရန် ဖန်တီးနေသည် မှာလည်း ကိုလိုနီဝါဒပင် ဖြစ်သည်။

ကိုလိုနီလက်သစ်ဆိုသည်များသည်လည်း ကိုလိုနီ (နယ်ချဲ့) လက်ဟောင်း၏ မျိုးဆက်သစ်များသာ ဖြစ်ကြသည်။ ထို့ကြောင့် ကိုလိုနီ လက်သစ်များသည် လက်ဟောင်းပုံစံ အတိုင်း သွေးခွဲယူသည်။ မူးယစ်နှင့် သရုပ်ပျက်ယဉ်ကျေးမှု ဓာတ်သွင်းသည်။ ပါတီစုံဝါဒဖြင့် အချင်းချင်း တိုက်ခိုက်စေသည်။ ရေနံကို လိုသလိုရရန် ရေနံထွက်သော ဒေသများအတွင်း ဝင်ရောက်စွက်ဖက်ခြေရှုပ်မွှေနှောက်သည်။ပြည်ပြေးများ အတိုက်အခံ သူပုန်များ၊ အကြမ်းဖက်သမား ရာဇဝတ်ကောင်များကို ထောက်ပံ့ပေးကမ်းမွေးမြူ အသုံးချသည်။ ဝါဒဖြန့်မီဒီယာများဖြင့် လက်ဝါးကြီးအုပ်ကာ မှိုင်းတိုက်ကြသည်။

ကိုလိုနီလက်သစ်တို့သည် တစ်ခါတစ်ရံ သွယ်ဝိုက်ကျွန်ပြုခြင်းကိုပင် စိတ်မရှည်။ ကိုလိုနီလက်ဟောင်းနည်းအရ အကြောင်းတစ်ခုခု (မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ) ဖန်တီးပြီး ဝင်ရောက်ကျူးကျော်သည်။ အကြောင်းပြချက်ပြီးမြောက်သည့်တိုင် ထိုနိုင်ငံကို လက်မလွှတ်တော့ပေ။ မိမိစစ်စခန်းကို ထိုနိုင်ငံ၌ အခိုင်အမာချထားကာ စီးပွားရေးစားကျက်မှန်သမျှ လက်ဝါးကြီးအုပ်သည်။ အမျိုးသားရေးသစ္စာပျက်ယွင်းပြီးဖြစ်သော ပြည်ပြေးများကို ရုပ်သေးအစိုးရတင်ပေးပြီး နောက်ကွယ်မှလည်းကောင်း၊ အချို့နေရာ၌ ရှေ့မှဝင်ရပ်ပြီး ဖြောင့်ကျကျဖြင့်လည်းကောင်း ကြိုးကိုင်စိုးမိုးသည်။ ကိုလိုနီပုံစံဟောင်း ပုံစံသစ်ရောမွှေပြီး ကျူးကျော်စိုးမိုးခံနေရသော နိုင်ငံများစာရင်းကို အထူးဖော်ပြရန်ပင်လိုမည်မဟုတ်ပေ။ နေ့စဉ်ညစဉ် နိုင်ငံတကာသတင်းများက အပ်ကြောင်းထပ်အောင် ဖော်ပြနေသည်ကို မြင်တွေ့ရမည် ဖြစ်သည်။

ဤကဲ့သို့ ကိုလိုနီလက်သစ်ဝါဒီတို့က ကျူးကျော်စိုးမိုးရန်အတွက် ဒီမိုကရေစီနည်းဖြင့် လူထုကရွေးချယ်တင်မြှောက်ထားသော အစိုးရများပင် အင်အားသုံးအနိုင်ကျင့်မှုကြောင့် ချုပ်ငြိမ်းပျောက်ကွယ်နေကြသည်ကို တွေ့မြင်နေရသည်။ သို့တိုင် ထိုအလုပ်ကို ထိုနိုင်ငံဒီမိုကရေစီရရှိရေးလုပ်ရပ်ဟုဆိုသည်။ ထိုနိုင်ငံ၏ အချုပ်အခြာကို ချိုးဖောက်ဖျက်ဆီးပစ်ခြင်းကိုပင် ထိုနိုင်ငံ အာဏာရှင်အောက်မှ လွတ်လပ်စေရန် ဆောင်ရွက်ရေးဟုဆိုသည်။ထိုနိုင်ငံသားတို့ကို ဖိနှိပ်ကျွန်ပြု မျိုးတုံးလုလုသတ်ဖြတ်ပစ်နေခြင်းကိုပင် လူ့အခွင့်အရေးခေါ်ဆောင်မှုဟု ဆိုကြပြန်သည်။ သို့ဖြစ်ရာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံများအဖို့ ကိုလိုနီလက်သစ်တို့၏ အန္တရာယ်ကို အစဉ်သတိပြု ကာကွယ်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် ပြည်ထောင်စုပြိုကွဲမှု အန္တရာယ်များနှင့်ကြုံတွေ့ခဲ့ရာ ကိုဆိုဗိုဒေသရှိ ပြည်သူများ ဤသို့ စစ်ပြေးဒုက္ခသည်များ ဖြစ်ခဲ့ကြရသည်။

ပြန်လည်ဝင်ရောက်

ပြည်ပ အသံလွှင့်ဌာနများ၏ ကောလာဟလ ထုတ်လွှင့်ချက်များကို နားယောင်ပြီး သောင်းကျန်းသူများ စခန်းသို့ ရောက်ရှိခဲ့သူများ အဖြစ်မှန်ကို သိမြင်သဖြင့် အမိနိုင်ငံသို့ ဤသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဆုံးရှုံးသွားလျှင် ကျားကုတ်ကျားခဲ စွန့်လွှတ်စွန့်စား ပြန်လည်တိုက်ယူ၊ လက်ဝယ်ပြန်ရလျှင် နောက်ထပ်အဆုံးရှုံးမခံရအောင် ကာကွယ် စောင့်ရှောက်ရမည့်အရာကား နိုင်ငံလွတ်လပ်ရေးပင်ဖြစ်သည်။ ကိုလိုနီဝါဒီခေါ် နယ်ချဲ့သမားတို့၏ မတော်လောဘကြောင့် မြန်မာ အပါအဝင် ကမ္ဘာ့နိုင်ငံများစွာ ကျူးကျော်ကျွန်ပြုခံခဲ့ရသည်။

င်းခြားသားပြုသမျှ နုရမည့်
ရေးသမားများ ခေါ်သွင်း
င့် လူငယ်လူရွယ်များကို
ျူးမှုနှင့် မျိုးချစ် စိတ်ဓာတ်
့သည်လည်း ကိုလိုနီဝါဒီ

မြတ်ဘုရား ရွှေတိဂုံ ရောင်တော်ဖွင့် ပူဇော်ခြင်း

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မိမိတို့ ကိုးကွယ်ဆည်းကပ် ပူဇော်ရာဖြစ်သော စေတီတော်များ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို သစ်လွင်တောက်ပ တင့်တယ်သပ္ပာယ်စေရန် အမြဲတစေ လုံ့လစိုက်ထုတ် ဆောင်ရွက်လေ့ရှိကြသည်။ အုတ်အင်္ဂတေဖြင့်တည်ထားသော စေတီတော်များကို နှစ်စဉ်ထုံး သင်္ကန်းကပ်လှူရန်၊ သို့မဟုတ် ဂိုးလ်ပိန့် ရွှေဆေးသုတ်လိမ်းပူဇော်ခြင်း ပြုလေ့ရှိကြသည်။ ရွှေမျက်ပါး၊ ရွှေသင်္ကန်းကပ်လှူထားသော စေတီတော်နှင့် ရုပ်ပွားတော်များမှာ နှစ်ကာလကြာရှည်၍ ရွှေရောင်မှေးမှိန်သွားပါက ရွှေမျက်ပါး ရွှေသင်္ကန်းအသစ် ကပ်လှူပူဇော်လေ့ ရှိကြသည်။

ကြေးဆင်းတု ပဉ္စလောဟာဆင်းတုများကိုမူ အရောင်တောက်ပလာအောင် ချေးချွတ်၍ ပွတ်တိုက် အရောင်တင်ကြရသည်။ **ရွှေစင်ရွှေသား၊ ရွှေပြား၊ သင်္ကန်းကပ်လှူထားသော စေတီပုထိုးများကို ရွှေရောင်သစ်လွင်တောက်ပလာအောင် ချေးချွတ်အရောင်တင်ပေးကြရသည်။ အရောင်မှေးမှိန်နေသော စေတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်များကို အရောင်တောက်ပလာအောင်၊ တင့်တယ်သပ္ပာယ်လာအောင် ဆောင်ရွက်ခြင်းကို ရောင်တော်ဖွင့်သည်ဟု ခေါ်ဆိုလေ့ရှိကြသည်။**

ဘုရားစေတီတိုင်းတွင် ရောင်တော်ဖွင့်အသင်းများရှိကြသည်။ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်လေ့ရှိကြသည်။ ရွှေတိဂုံစေတီတော်ကြီးမှာ ထုထည်ပမာဏ လွန်စွာကြီးမားသောကြောင့် လည်းကောင်း၊ လုပ်ငန်းပမာဏ များပြားခြင်း၊ ခက်ခဲခြင်းကြောင့်လည်းကောင်း၊ စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတန်ဖိုးများပြားခြင်းကြောင့်လည်းကောင်း သာမန်အသင်းအဖွဲ့တစ်ခုအနေဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိချေ။ ဆောင်ရွက်ရန်လည်းမသင့်လျော်ချေ။ ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး ရောင်တော်ဖွင့်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းစသော အထွေထွေလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနအကြီးအကဲများ၊ ပညာရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ၊ အလှူရှင်များပါဝင်စေလျက်ဖွဲ့စည်းထားသည်ကို တွေ့ရပေသည်။ ရွှေတိဂုံစေတီတော်ကြီးတင့်တယ်သပ္ပာယ်စွာ အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် ဝန်ကြီးဌာနများလက်အောက်ရှိ ပညာရှင်များနှင့် ပစ္စည်းကိရိယာများကို ရယူအသုံးပြုထားသည့်အပြင် စေတနာရှင်၊ အလှူရှင်ကုမ္ပဏီများကလည်း ပစ္စည်းကိရိယာအင်အား၊ ကျွမ်းကျင်မှုပညာရှင်အင်အား ပါဝင်ကူညီဆောင်ရွက်နေကြသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုရပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၁၉၉၉ခုနှစ်တွင် ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပစဉ်က ရောင်တော်ဖွင့်လုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပေသည်။ ယခုအခါ အချိန်ကာလအားဖြင့် ငါးနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်၍ ရာသီဥတုဒဏ်၊ မိုးဒဏ်၊လေဒဏ်များ တိုက်စားမှုများကြောင့် လည်းကောင်း၊ သိန်း၊ စွန်စသော ကျေးငှက်များ၏ ထိပါးတိုက်ခိုက်မှုကြောင့်လည်းကောင်း၊ ရွှေပြားသင်္ကန်းများမှာ အရောင်ညှိုးမှိန်လာသည်ကို တွေ့ရှိရသဖြင့် ရောင်တော်ဖွင့်ပူဇော်ရန် လိုအပ်နေပြီဟု ဆိုရမည်ဖြစ်ပေသည်။ အချို့သော ရွှေပြားသင်္ကန်းများကို သိန်း၊ စွန်စသော ကျေးငှက်တို့၏ နှုတ်သီးဖြင့် ထိုးဆိတ်မှုကြောင့် ရွှေပြားများ ကွာခြင်း၊ ကွဲအက်ခြင်းများ ဖြစ်ကြရသည်။ ယင်းရွှေပြား သင်္ကန်းများကို အရောင်တင်ခြင်း၊ ပြင်ဆင်ဖာထေးခြင်း၊ အသစ်လဲလှယ်ခြင်းတို့ကို ပုံမှန်အားဖြင့် ငါးနှစ်တစ်ကြိမ် ဆောင်ရွက်ခဲ့ကြရသည်။ ယင်းကဲ့သို့ လဲလှယ်နိုင်ရန်အတွက်လည်းကောင်း၊ အသစ်ကပ်လှူနိုင်ရန်အတွက်လည်းကောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထံ၌ အလှူခံရရှိထားသော ရွှေပြားသင်္ကန်းချပ်ရေ၇၀၀ကျော် ရှိပြီးဖြစ်သည်ဟု သိရပေသည်။

တစ်ဖန်စေတီတော်ကြီး၏ ခေါင်းလောင်းပုံတော်အောက်ရှိ ပစ္စယာများကို ကြေးပြားကပ်ပြီး ယင်းကြေးပြားများပေါ်၌ ရွှေမျက်ပါးသင်္ကန်း ကပ်လှူထားခဲ့ရာ ယင်းရွှေသင်္ကန်းများသည် ရာသီဥတု တိုက်စားမှုကြောင့် ရွှေရောင် လုံးဝမရှိသလောက်ဖြစ်လာပြီး အမည်းရောင်၊ အညိုရောင်၊ သစ်စေးရောင်၊ ကြေးညှိရောင်များ ဖုံးလွှမ်းကာ မတင့်မတယ် ကြည့်ညိုဖွယ် မဆောင်နိုင်သည်ကို တွေ့မြင်နေရပေသည်။ ယင်းကြေးပြားများကို သစ်စေးများ ခွာချခြင်း၊ ကြေးညှိများ တိုက်ချွတ်ခြင်းပြုလုပ်၍ မူလကြေးပြား အရောင်ပေါ်လာအောင် ဆောင်ရွက်ပြီးနောက် သစ်စေးအကောင်းစား သုတ်လိမ်း၍ ရွှေမျက်ပါးသင်္ကန်းကပ်လှူရန် စီစဉ်ထားရှိပေသည်။ ရွှေမျက်ပါးရွှေဆိုင်းပေါင်း ငါးသောင်းခန့် အသုံးပြုရမည်ဟု ခန့်မှန်းထားရာ ဂေါပကအဖွဲ့ထံ၌ ရွှေဆိုင်းနှင့် ရွှေဆိုင်းဖိုးငွေများ အလုံအလောက်ရှိနေပြီး ဖြစ်သည်ဟု သိရှိရပေသည်။ ယင်းကဲ့သို့ ရောင်တော်ဖွင့် ပြီးစီးပါက ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ရွှေရောင်များ ဝင်းလက်တောက်ပလျက် ရှိနေမည်ဖြစ်ပြီး မိုးတိမ်ဝမှ ပေါ်ထွက်လာသည့် ရွှေတောင်ကြီးသဖွယ် ကြည်ညိုဖွယ်ရာ ဝမ်းမြောက်ဝမ်းသာ ဖူးတွေ့ကြရမည် ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အား ဗုဒ္ဓဒေသနာတော်နှင့်အညီ၊ ဝိနည်းတရားတော်နှင့်အညီ ဆောင်ရွက်ကြစေရန် သက်တော်ရှည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဆရာတော်ကြီး ၁၁ပါး ပါဝင်သော ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။ ဂေါပကအဖွဲ့သည် ရွှေတိဂုံကုန်းတော်ပေါ်ရှိ သာသနိက အဆောက်

မောင်အုံ့ (မဟာဝိဇ္ဇာ-ဘုံဘော)

အအုံများ ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း၊ ရွှေ့ပြောင်းခြင်း၊ အသစ်တည်ဆောက်ခြင်း၊ တစ်စုံတစ်ခု ပြုလုပ်လိုပါက ယင်းဩဝါဒါစရိယဆရာတော်ကြီးများ အစည်းအဝေးသို့ တင်ပြလျှောက်ထား ဩဝါဒခံယူကြရသည်။ ဩဝါဒါစရိယ ဆရာတော်ကြီးများက ချမှတ်ပေးသည့် ဩဝါဒတော်အတိုင်း ဂေါပကအဖွဲ့က တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရသည်။ ထို့ပြင် ဂေါပကအတွက် ဂေါပက စည်းမျဉ်းနှင့်စည်းကမ်းများ စနစ်တကျရေးဆွဲ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပေသည်။

ဂေါပကအဖွဲ့အင်အားဖြင့် မလုံမလောက် မနိုင်မနင်းဖြစ်စရာရှိသော ကြီးမားကျယ်ပြန့်ခက်ခဲသည့် လုပ်ငန်းကြီးများကိုမူ ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးပြီး လုပ်ငန်းပြီးစီး၍ စတင်၍ ငြမ်းဆင်နေသည်ကို တွေ့မြင်နိုင်ပေသည်။ ကိုယ်လုံးတော်ရှိ ရွှေသင်္ကန်းများကို ငြမ်းဝါးများဖြင့် ထိခိုက်ပွန်းပဲ့ခြင်း လုံးဝမရှိစေရန် အတွေ့အကြုံရင့်ကျက်သော၊ ကျွမ်းကျင်သော ပညာရှင်ငြမ်းဆရာများက တာဝန်ယူဆောင်ရွက်နေကြသည်။ ဝါးလုံးပေါင်းနှစ်သောင်းခန့် အသုံးပြု၍ နှစ်ထပ်ငြမ်းဆင်ရာ၌ ခိုင်ခံ့မှုနှင့် လုံခြုံမှုကို အဓိကထား၍ ဆောင်ရွက်ကြရသည်။ ငြမ်း၏ အတွင်းဘက်မှလည်းကောင်း၊ အပြင်ဘက်မှလည်းကောင်း အတက်အဆင်း မလုပ်နိုင်စေရန် ငြမ်းပိတ်ထည့်သွင်း၍ ငြမ်းဆင်မှု ပြုကြရသည်။ ငြမ်းပိတ်ကို ခေါင်းလောင်းပုံ အောက်ခြေ၌ လည်းကောင်း၊ ကြာမှောက်၊ ကြာလန်၌ လည်းကောင်း၊ ထီးတော်အောက်ခြေ၌ လည်းကောင်း သုံးနေရာ၌ ပြုလုပ်၍ အတက်အဆင်း အပေါက်တစ်ခုစီသာထားပြီး တံခါးတပ်ဆင်ထားမည်ဖြစ်သည်။ လုပ်ငန်းသိမ်းချိန်၌ သော့ခတ်၊ သော့ပိတ်ထားမည် ဖြစ်ပေသည်။ ငြမ်းပေါ် တက်သူများ သတ်မှတ်ထားသည့် သီးသန့်ဝတ်စုံကိုသာ ဝတ်ဆင်ကြရ၍ အတက်ရောအဆင်းပါ စစ်ဆေးခြင်း ခံယူကြရသည်။ ထို့ပြင် (စီစီတီဗွီ) ရုပ်မြင်ကင်မရာဖြင့် ဘက်ပေါင်းစုံမှ အမြဲတမ်းစောင့်ကြည့်လျက် လှုပ်ရှားမှုအားလုံးကို ဗီဒီယိုရိုက်ကူးပြီး မှတ်တမ်းတင်ထားမည်ဖြစ်သည်။ လိုအပ်ပါက အချိန်မရွေး နောက်ကြောင်းပြန် စစ်ဆေးကြည့်ရှုနိုင်ပေသည်။ အလှူရှင်တို့ လှူဒါန်းထားသော ရတနာများ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း လုံးဝမရှိရအောင် နိုင်ငံတော်က ဦးဆောင်၍ ကြီးကြပ်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရတနာများ စုပုံတည်ရှိနေမှုကြောင့် အဖိုးအနဂ္ဃ ထိုက်တန်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်အနေဖြင့်လည်း တန်ဖိုးဖြတ်၍ မရစကောင်း၊ အစားထိုး၍ မရစကောင်းသည့် ရတနာအစစ်၊ ရတနာအနှစ် ဖြစ်ပေသည်။ ထို့ကြောင့် သာမန်အချိန်မှာပင် လုံခြုံရေးကို အဆင့်ဆင့်ခွဲခြား စီမံဆောင်ရွက်ထားကြောင်း သိရှိရပေသည်။ ရွှေတိဂုံစေတီတော် ရင်ပြင်တော်လုံခြုံရေး၊ အလယ်ပစ္စယာ လုံခြုံရေး၊ အောက်ပစ္စယာလုံခြုံရေး၊ ရွှေတိဂုံကုန်းတော်ကြီးတစ်ခုလုံး လုံခြုံရေးအတွက် ဘုရားရဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည်ဖြင့် လုံခြုံရေးတပ်များ အဆင့်ဆင့် စောင့်ကြပ်လျက်ရှိပေသည်။ ထို့ပြင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ကျောင်းတိုက်များမှ စာချဆရာတော်များ ဦးဆောင်၍ သံဃာတော် ၁၀ ပါးမှ ၂၅ ပါးအထိ ညအိပ်ညနေ သီတင်းသုံးပြီး အလှည့်ကျ စောင့်ရှောက်ပေးလျက် ရှိသည်ကိုလည်း တွေ့ရှိရပေသည်။

ဤကဲ့သို့ လုံခြုံရေးအစီအမံ စေ့စပ်ကောင်းမွန်ခြင်းကြောင့် အလှူရှင်များ လှူထားသမျှ ဗုဒ္ဓသန္တကပစ္စည်းများ မပျက်မစီး မပျောက်မရှ အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲနေသည်ကို တွေ့ရှိသဖြင့် စေတနာသဒ္ဓါတရား တိုးပွားထက်သန်စွာ အင်တိုက်အားတိုက် လှူဒါန်းနေကြခြင်း ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူပစ္စည်း တစ်စုံတစ်ခု လိုအပ်သည်ဟု အသံကြားလျှင် သူ့ထက်ငါဦး အလုအယက်လာရောက် လှူဒါန်းကြ

ရွှေစင်ရွှေသား၊ ရွှေပြား၊ သင်္ကန်းကပ်လှူထားသော စေတီပုထိုးများကို ရွှေရောင် သစ်လွင်တောက်ပလာအောင် ချေးချွတ်အရောင်တင်ပေးကြရသည်။ အရောင်မှေးမှိန်နေသော စေတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်များကို အရောင်တောက်ပလာအောင်၊ တင့်တယ် သပ္ပာယ်လာအောင် ဆောင်ရွက်ခြင်းကို ရောင်တော်ဖွင့်သည်ဟု ခေါ်ဆိုလေ့ ရှိကြသည်။

အခြေတကျ ဖြစ်သွားသောအခါ ဂေါပကအဖွဲ့အား ဆက်လက်စောင့်ရှောက်ထိန်းသိမ်းနိုင်စေရန် စနစ်တကျ လွှဲပြောင်းအပ်နှံပေးခဲ့သည်။ ယခု ရောင်တော်ဖွင့်လုပ်ငန်းမှာ တပေါင်း(မတ်လ)တွင် ပြီးစီးနိုင်မည်ဟု ခန့်မှန်းထား၍ လုပ်ငန်းပြီးသောအခါ ဝါးငြမ်းများ ဖြုတ်သိမ်းပြီးနောက် ဂေါပကအဖွဲ့က ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ထိန်းသိမ်းစောင့်ရှောက်သွားရန် ဖြစ်ပေသည်။

လုံခြုံမှု အစီအစဉ်များ

ယခုအခါ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေပြားသင်္ကန်း ကပ်လှူခြင်း၊ ရောင်တော်ဖွင့်ခြင်း ပြုလုပ်နိုင်ရန် သည်။ ပြည့်လျှံသွား၍ တော်ကြပါတော့ဟု တားယူရသည်။ သိင်္ဂုတ္တရ ဥယျာဉ်တော်၌ စိုက်ပျိုးရန် သစ်ပင်ပန်းပင်များ လိုအပ်ကြောင်း ကြေညာလိုက်ရာ တစ်လအတွင်း သစ်ပင် ပန်းပင်ပေါင်း ၂၅၀၀၀ကျော်နှင့် အလှူငွေကျပ်သိန်းပေါင်း ၈၇၀ ကျော် ရရှိခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပရိသတ်များ နေ့ရောညပါ ထောင်သောင်းချီ လာရောက်ဖူးမြော် ကြည်ညိုပူဇော်နေကြသည်ကိုကြည့်၍ ပူဇော်အထူးခံတော်မူထိုက်သော မြတ်စွာဘုရားဟူသော အရဟံဂုဏ်တော်ကို နှစ်ခြိုက်ရွှင်မြူး ကြည်နူးစွာ ရွတ်ဆိုပွားများလျက် ရောင်တော်ဖွင့် ပူဇော်ခြင်းကို ကြိုဆိုလိုက်ရပေသတည်း။ ။

ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး အားကစားပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန် ခြောက်မြို့နယ် ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ်ဒိုင်း ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ဆိပ်ကမ်းမြို့နယ်ရှင်းလင်းဆောင်တွင် ကျင်းပရာ ဘော်လီဘောပြိုင်ပွဲတွင် လမ်းမတော်မြို့နယ်အသင်းက ပထမ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် လမ်းမတော်(ခ)အသင်းက ပထမရရှိသည်။

ဆုချီးမြှင့်

ထို့နောက် ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးယုလွင်အောင်က တံခွန်စိုက်ဒိုင်းဆုရရှိသည့် လမ်းမတော်မြို့နယ်အား တံခွန်စိုက်ဒိုင်းဆုကိုပေးအပ်ချီးမြှင့်ကြောင်းသိရသည်။**(အပေါ်ပုံ)(က-ပ)**

သီတဂူဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါမောက္ခ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ(D. Litt)၏ အထူးတရားပွဲကို ဇန်နဝါရီ ၅ရက် (ဗုဒ္ဓဟူးနေ့)ည ၇နာရီတွင် သာကေတမြို့ (၅)ရပ်ကွက် သုမနဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ တရားတော်နာ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဒုံမြို့နယ် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၈ရက်က မြဧရာ ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး စတုတ္ထ ရရှိပြီး ခြောက်ဘာသာဂုဏ်ထူးရှင်မပန်းအိစံအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဒေါ်သီသီအောင်က ဆုချီးမြှင့်စဉ်။ (ဥ၆၃)

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)နှင့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၃၈)ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၇ရက်တွင် သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ကျိုင်းတုံ

အလားတူ ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၈)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၇ ရက်တွင် သင်တန်းကျောင်း ခန်းမဆောင်၌ကျင်းပရာ ရှမ်းပြည်နယ်အရှေ့ပိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့အတူ မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၉)နှင့်အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၈) ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်တွင် သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ကျင်းပ

အလားတူ မူဆယ်၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ ရေး၊ ကော့သောင်းနှင့် မောင်တောမြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၏ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့်အခြေခံစက်ချုပ်သင်တန်း သင်တန်းဖွင့်ပွဲများကို သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ ဒီဇင်ဘာ ၂၇ရက်တွင် ကျင်းပကြကြောင်းနှင့် သင်တန်းကာလမှာ ၂၀၀၅ ခုနှစ် ဧပြီ ၁ရက်အထိ ရက်သတ္တ၁၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့် အတူတကွ လက်တွဲ ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ကန်တော့ခံစာပေပညာရှင် ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

အမျိုးသားစာပေဆုရ စာရေးဆရာ မောင်မောင်ထွန်းအောင် (ကျန်းမာရေး) က ယခုနှစ်အမျိုးသားစာပေဆုရ စာရေးဆရာကြီး မောင်သစ္စာနှင့် ဆရာမကြီးမကြန်အပါအဝင် နိုင်ငံတော်အဆင့် စာပေဆုရ စာရေးဆရာငါးဦးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မရမ်းကုန်းမြို့နယ် ရွှေဘဲစားတော်ဆက် ပုလဲခန်းမဆောင်၌ ဒီဇင်ဘာ ၁၉ ရက် ညနေ၅နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဆရာမောင်မောင်ထွန်းအောင်(ကျန်းမာရေး)က ဂုဏ်ပြုရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး အသက်(၈၅)နှစ်ရှိ ကန်တော့ခံ စာရေးဆရာကြီး မောင်သစ္စာနှင့် စာရေးဆရာမကြီး မကြန်**(ဝဲပုံ)**တို့အား ဂါရဝပစ္စည်းဖြင့် ပူဇော်ကန်တော့ကာ လှိုင်မြို့နယ်မှ နိုင်ငံတော်အဆင့်စာပေဆုရ စာရေးဆရာသုံးဦးတို့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

(က-ပ)

တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

တာမွေကြီး(က+ဂ)ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေးဓမ္မာရုံ၏ (၇၅)နှစ်မြောက်စိန်ရတုအထိမ်းအမှတ် ဓမ္မပူဇာသဘင်များ ဆင်ယင် ကျင်းပပူဇော်မည်ဖြစ်ရာ ဇန်နဝါရီ၄ ရက်ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ အရှင်ဉာဏိဿရ (D-Litt)သီတဂူဆရာတော်က လည်းကောင်း၊ ဇန်နဝါရီ ၅ ရက်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရက လည်းကောင်း၊ ဇန်နဝါရီ ၆ရက်တွင် ဓမ္မကထိက သီတဂူ ကြယ်တစ်ပွင့် အရှင်ပညာနန္ဒကလည်းကောင်း၊ ဇန်နဝါရီ ၇ရက်တွင်ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မဒူတအရှင်ဆေကိန္ဒကလည်းကောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

နှစ်ဖက်သော မိဘများနှင့် အစ်ကို ဦးလှမောင်-ဒေါ်ခင်နွဲ့တို့အား **အမှူးထား၍ အမှတ် ၂၃ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာ ဗဟန်းမြို့နယ်နေ ဦးသိန်းလှိုင်-ဒေါ်ကြည် ကြည်ထွေး၊ သမီး ဝင်းပပလှိုင်၊ သား အောင်ဖြိုးလှိုင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။**

(က-ပ)

လက်တွဲဖော် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံအပြိုင်ဝင် ကြယ်ကလေးများ ရွှေ့ဆောင်ရုံ၌ ဆက်လက်တောက်ပဆဲ

ရန်ကုန် ဇန်နဝါရီ ၁

ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ်တို့၏ လက်တွဲဖော် ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။

ချပ်ရှင်သတင်းထောက်

လက်တွဲဖော်

လက်တွဲဖော်တွင် ရာဇာနေဝင်း၊ ခန့်စည်သူ၊ ထက်ထက်မိုးဦးတို့ ခေါင်းဆောင် ပါဝင်ထားသည်။ ဒေါက်တာခန့်နောင်နှင့် မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်နေသော လူမှုဝန်ထမ်း စိတ်ပြင်းပြသူ တောလုံးညိုတို့ နှစ်ဦးမာယာဆိုသော မိန်းမချောလေး၏ လက်တွဲဖော် မည်သူဖြစ်နိုင်မလဲ ဟူသော ချစ်ပဟေဠိကို အဖြေညှိထားသည့် မေတ္တာဘွဲ့ဇာတ်ကား ဖြစ်သည်။

နေပြည်တော်ရုံတွင် The Chronicles of °Riddick ဇာတ်ကား ဆက်လက်ပြသနေသည်။ လူစွမ်းကောင်းတို့၏ တိုက်ပွဲကို အထူးပြုလုပ်ချက်များဖြင့် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

တန်းမြင့် မြို့မရုံတွင် Aan ဇာတ်ကား ရုံဝင်လျက်ရှိပြီး ရွှေဂုန်ရုံတွင် Aap Mujhe Achche Lague

'Aan' အိန္ဒိယဇာတ်ကားမှ ရိုသစ်ရောရှမ်းနှင့် အမီရှာပတေး။

ကြယ်ကလေးများ

ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာလွင်မင်း၏ **ကြယ်ကလေးများ** ဆက်လက် တောက်ပဆဲဖြစ်သည်။ **ကြယ်ကလေးများ**တွင် ရန်အောင်၊ ဇာဂနာ၊ မေသန်းနု၊ ပန်းဖြူနှင့် ကလေး အထူးသရုပ်ဆောင်များ ပါဝင်ထားသည်။

Lage ဇာတ်ကားပြသနေသည်။ ယင်းဇာတ်ကားမှာ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအက်ရှင်ဇာတ်ကား ဖြစ်သည်။ အာဏာပိုင်အချို့ကို အသုံးချကာ ဒုစရိုက်ဂိုဏ်းအချင်းချင်း ခေါင်းပုံဖြတ်အနိုင်ကျင့်မှုများကို ရဲတပ်ဖွဲ့က ဝင်ရောက်ရှင်းလင်းရသော ဇာတ်ကားဖြစ်သည်။ မြို့မရုံတွင် ရုံဝင်လာသော အိန္ဒိယဇာတ်ကားမှာ ကပ်ဟိုးနားပျားရ်ပဲ ဇာတ်ကားဖြင့် တစ်ရှိန်ထိုး နာမည်ကြီးလာသော မင်းသား ရိုသစ်ရောရှမ်းနှင့် အမီရှာပတေးတို့ ခေါင်းဆောင်ပါဝင်သော ဇာတ်ကားဖြစ်သည်။ အချစ်မှာ ငွေမလိုဘူး၊ ဂုဏ်မလိုဘူး၊ အချစ်ကို ဘယ်အရာမှ ချုပ်နှောင်တားဆီးထားလို့ မရဘူးဆိုသော လူငယ်လေး တစ်ဦးနှင့် ကျွန်မဘဝမှာ ချမ်းသာကြွယ်ဝမှုကလွဲလို့ ဘာမှမရှိဘူးဆိုသော မိန်းမပျိုလေးတို့ တွေ့ဆုံကြုံကွဲရသော ချစ်သူတို့ဘဝကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည်။

အချစ်ရဲ့နယ်စပ်၊ အမုန်းရဲ့မြို့ရိုး

ဒါရိုက်တာနောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးသည့် **အချစ်ရဲ့နယ်စပ်၊ အမုန်းရဲ့မြို့ရိုး** ဇာတ်ကား မကြာမီရုံတင်မည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် ကျော်ရဲအောင်၊ ဒွေး၊ မင်းဟိဏ်း၊ အိန္ဒြာကျော်ဇင်၊ နဝရတ်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ သူငယ်ချင်းနှစ်ဦး၏ ချစ်ချင်းမေတ္တာကြားတွင် လူငယ်ချင်း ချစ်မိသော ချစ်ချင်းမေတ္တာ အစားဝင်လာသော အခါ အချစ်၏နယ်စပ်သည် အမုန်း၏ မြို့ရိုးသဖွယ် ဖြစ်လာတော့သည်။ ဇာတ်လမ်းတွင် မောင်ချစ် နှမချစ်၊ လူငယ်ချင်းချစ်၊ သူငယ်ချင်းချစ် သုံးပွင့်ဆိုင်အချစ်တို့ အားပြိုင်ထားသော မေတ္တာဘွဲ့ဇာတ်ကား ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မကြာမီရုံဝင်လာမည့် 'အချစ်ရဲ့နယ်စပ်၊ အမုန်းရဲ့မြို့ရိုး' ဇာတ်ကားမှ ကျော်ရဲအောင်နှင့် အိန္ဒြာကျော်ဇင်။

အဆင့်မြင့်ရုံသုံးရုံတွင် အပြိုင်ဝင်လာသည့် 'လက်တွဲဖော်'မှ ရာဇာနေဝင်းနှင့် ထက်ထက်မိုးဦး။

(၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို ပြည်မြို့နယ် ပြည်သာယာကတ္တရာလမ်းဖွင့်

ပြည် ဇန်နဝါရီ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၌ (၅၇) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြုလုပ်သော ကိုးသောင်း–အောင်ဆန်း ပြည်သာယာလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။

(ယာပုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဆန်းမော်ခင်က လမ်းလုပ်ငန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြပြီးဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် ပြည်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လွယ်ကူအဆင်ပြေ

ယင်းလမ်းမှာ အရှည်ပေ ၄၉၀၀၊ အကျယ်၁၂ပေရှိကတ္တရာလမ်းဖြစ်ပြီး အဖွဲ့ ရန်ပုံငွေကျပ် ၇၇၃သမ၇၉ သိန်းအကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကတ္တရာလမ်းဆောင်ရွက်ပြီးစီးသည့်အတွက် နဝင်းရပ်ကွက်၊ ကိုးသောင်းရပ်ကွက်နှင့် အောင်ဆန်းပြည်သာယာရပ်ကွက်နေ ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ဖွံ့ဖြိုး
စည်ပင်
ကျေးလက်
တစ်ခွင်

လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို လှည်းကူးမြို့နယ်တွင် ကတ္တရာလမ်းသစ်များဖွင့်

လှည်းကူး ဒီဇင်ဘာ ၂၉

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော လှည်းကူးမြို့နယ် ပါရမီ(၂)လမ်း၊ ရိပ်သာ(၁)လမ်းနှင့် ရိပ်သာ(၃)လမ်း ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က အဆိုပါလမ်းအသီးသီးတွင် ကျင်းပသည်။

ပါရမီ(၂)လမ်း

ဖွင့်ပွဲအခမ်းအနားတွင်ပါရမီ (၂) လမ်းကတ္တရာလမ်းသစ်အား စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်း ညွှန့်နှင့် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရိပ်သာ(၁)လမ်း

ဆက်လက်၍ ရိပ်သာ(၁)လမ်း ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အကျယ် ၁၂ ပေ၊ အရှည် ပေ ၇၂၀ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၅၆၀၀၀၀ နှင့် ပြည်သူမှ ထည့်ဝင်ငွေကျပ် ၆၈၆၄၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရိပ်သာ(၃)လမ်း

ထို့နောက် ရိပ်သာ(၃)လမ်း ဖွင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဒုရဲမှူး အောင်မြင့်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အကျယ် ၁၂ပေ၊ အရှည် ပေ ၇၂၀ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၁၅၆၀၀၀၀ နှင့် ပြည်သူမှ ထည့်ဝင်ငွေကျပ် ၆၈၆၄၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

လပွတ္တာမြို့နယ်တွင် ဒေါကြင်ကြူတံတားဖွင့်ပွဲကျင်းပ ငွေကျပ် ၃၇ သိန်းကျော် အကုန်အကျခံတည်ဆောက်ခဲ့

လပွတ္တာ ဇန်နဝါရီ ၁

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော ဒေါကြင်ကြူ တံတားဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၉နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးက တံတားတည်ဆောက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့သို့ တံတားဖွင့်ပွဲ အထိမ်းအမှတ် အလံများ ပေးအပ်သည်။

ထို့နောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားမှာ လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက်၊ ရွှေမြစ်ကမ်းနံဘေးတွင်တည်ရှိပြီး အလျား၁၃၆ပေ၊ အကျယ်ကိုးပေရှိ သစ်သားတံတားဖြစ်ရာ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၁သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၆ ဒသမ ၁သိန်း စုစုပေါင်း ကုန်ကျငွေ ကျပ် ၃၇ဒသမ ၁သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နိုဝင်ဘာ ၂၂ရက်က ကော့ကရိတ်မြို့ ကမ်းနီ–ကော့ခိုက်ကျေးလက်လမ်း ကျောက်ချောခင်းရန်အတွက် ကျောက်စုဆောင်းမှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့် အမှုဆောင်အရာရှိဦးလွန်းတင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို သုံးခွမြို့ ကျွန်စစ်လမ်း ဂဝံလမ်းသစ်ဖွင့်

သုံးခွ ဇန်နဝါရီ ၁

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော သုံးခွမြို့ ကျွန်စစ်လမ်း ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါလမ်းတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကျွန်စစ်လမ်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဒုတိယရဲမှူးချင်းစိန်နှင့် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဋ္ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါလမ်းမှာ အကျယ် ၁၀ ပေ၊ အရှည် ပေ ၉၅၀ ရှိ၍ သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၁၈၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

2-1 (12).p65 1 3/24/05, 11:55 PM

တပ်မတော်(ကြည်း၊ ရေ၊ လေ)တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၄ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၈ရက် မွန်းလွဲပိုင်းက ပုသိမ်တပ်နယ် တင်းနစ်ကွင်း၌ ကျင်းပသည်။ အခမ်းအနားသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ တပ်နယ် တပ်ရင်း တပ်ဖွဲ့မှူးများ၊ ရဲမေစစ်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း၁၁သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ဧရာဝတီတိုင်း)**

ဝန်ကြီးဌာနပေါင်းစုံ သိုင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် (၁၁) ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ သိုင်းပြိုင်ပွဲကို ဒီဇင်ဘာ၂၇ရက် နံနက် ၉နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ပြိုင်ပွဲဝင် အားကစားသမားများ ကွင်းအတွင်း နေရာယူကြပြီး ယမန်နှစ် တံခွန်စိုက်ရရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လက်အတိုက်တံခွန်စိုက်ဒိုင်း၊ စွယ်စုံတံခွန်စိုက်ဒိုင်းနှင့် ဓားသိုင်းအတိုက် ဒိုင်းများကိုလည်းကောင်း၊ ကာကွယ်ရေးအသင်းက စွမ်းရည်ပြတံခွန်စိုက်ဒိုင်းများကို မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌသို့ ပြန်လည်အပ်နှံကြသည်။

ထို့နောက်မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌရဲမှူးချုပ်သန်းဟန်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

လွတ်လပ်ရေးနေ့နှင့်ကရင်နှစ်သစ်ကူးနေ့ လော်ကားဥယျာဉ်ဖွင့်လှစ်ထားမည်

ရန်ကုန် ဇန်နဝါရီ ၁

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို အပတ်စဉ်တနင်္လာနေ့တိုင်း ဥယျာဉ်ပိတ်ပြီး နေ့စဉ်ပုံမှန် နံနက်၈နာရီမှ ညနေ၄နာရီအထိသာ ဖွင့်လှစ်သော်လည်း၂၀၀၅ခုနှစ် ဇန်နဝါရီ၄ရက် (လွတ်လပ်ရေးနေ့)နှင့် ဇန်နဝါရီ၁၀ရက် (ကရင်နှစ်သစ်ကူးနေ့)တို့တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူလေ့လာနိုင်ရန် နံနက်၈နာရီမှညနေ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိလိယက်အသင်းအသိအမှတ်ပြုလွှာများလျှောက်ထားနိုင်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်သည် စံချိန်စံညွှန်းကိုက်ညီသည့် ကစားခုံများနှင့် နိုင်ငံတကာအဆင့်မီသည့် ဘိလိယက်ခုံများအတွက် ဘိလိယက်အသင်း အသိအမှတ်ပြုလွှာများ စီစဉ်ထုတ်ပေးလျက်ရှိရာ အသိအမှတ်ပြုလွှာ မပြုလုပ်ရသေးသော ဘိလိယက် Centre များနှင့် ဘိလိယက်ခုံပိုင်ရှင်များသည် တရားဝင်မှတ်ပုံတင်၍ အသိအမှတ်ပြုလွှာ ပြုလုပ်ကြရန်နှင့် ၂၀၀၄ခုနှစ် ဒီဇင်ဘာ၃၁ရက်တွင် သက်တမ်းကုန်ဆုံးသော ဘိလိယက် Centre များနှင့် ဘိလိယက်ခုံပိုင်ရှင်များသည် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ လာရောက်၍ သက်တမ်းတိုးမြှင့်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွှေစင်သင်္ကန်း၊ လှူဒါန်းစေတီ၊ နိဗ္ဗာန်ရည်

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းရပ်ကြီးများမှ အစဉ်အလာအရ ပြုမြဲဒါနဖြစ်သော ရွှေတိဂုံစေတီတော်၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေးလုပ်ငန်းရပ်ကြီးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ စတင်၍ ဆောင်ရွက်လျက်ရှိပါသည်။

ရေးနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့သည့်

မြန်မာနှင့် ကမ္ဘာတစ်ဝန်းဗုဒ္ဓဘာသာဝင်တို့၏ အမွန်အမြတ်သာသနာ့အောင်လံတော်

လေးဆူဓာတ်တော် ကိန်းဝပ်စံပယ်တော်မူ၍ နေတစ်ဆူ လတစ်မင်းလို ထွန်းလင်းတောက်ပတော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေစင်ရွှေပြား ရွှေသားသင်္ကန်းနှင့် ရွှေဆိုင်း၊ ရွှေမျက်ပါးသင်္ကန်းတော်များ ကပ်လှူရောင်တော်ဖွင့် ပူဇော်မည်ဖြစ်ပါသည်။

နှစ်စဉ်နှစ်တိုင်း လှူဒါန်းခွင့်မဆုံ ကြုံတောင့်ကြုံခဲဒါနပွဲကြီး ဖြစ်ပါသည်။

အနည်းဆုံး ငါးနှစ်ကျော်မှတစ်ကြိမ်သာ ပြုရခဲသည့် ရွှေတောင်ကြီးပမာ မဟာအလှူပွဲကြီးဖြစ်ပေသည်။

အခွင့်သာဆဲ ရခဲလှသော ကုသိုလ်အမှု မြတ်ဒါနကို မပြုလိုက်ရ မရှိရအောင် နိဗ္ဗာန်ရည်မျှော်နှိုးဆော်ပါသည်။

ရွှေစင်ရွှေပြား မြတ်ရွှေသားနှင့် ရွှေဆိုင်းမျက်ပါးသင်္ကန်းများကို ပွားများသဒ္ဓါ ဖြိုးလျှံစွာဖြင့် ပူဇော်နိုင်ပါပြီ . . .

"ရွှေလှူလျှင်ရွှေလိုလှ ဘဝအာနုဘော်
နောင်သံသရာလိုတာရ ဒါနသာခုခေါ်
မြတ်သောရွှေပြည် အဆုံးသတ် နိဗ္ဗာန်ဝင်စံပျော်
သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ဖြင့် လှူဒါန်းကြပါသော်ဝ် . . ."

ရွှေဆိုင်း၊ ရွှေမျက်ပါး	(၁ X ၁)ပေ	၄၇၅၀ ကျပ်
ရွှေစင်ရွှေပြား	(၁ X ၁)ပေ	၅၈၅၀၀၀ ကျပ် (၃/သား)

လှူဒါန်းနိုင်သောအချိန်

၁-၁-၂၀၀၅ ရက်နေ့မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ

ဆက်သွယ်လှူဒါန်းရန်လိပ်စာ

ဂေါပကအဖွဲ့၊ ရွှေတိဂုံစေတီတော်
ဖုန်း-၂၅၁၈၅၁

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။

အလွတ်တန်းဒေသပေါင်းစုံဘောလုံးပြိုင်ပွဲ တောင်ကြီးမြို့နယ် နောင်ကားကျေးရွာ၌ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁

၂၀၀၄-၂၀၀၅ခုနှစ် ပဥ္စမအကြိမ်မြောက် ပအိုဝ်းဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း ဒေသပေါင်းစုံဘောလုံးပြိုင်ပွဲနှင့်ဆဋ္ဌမအကြိမ်မြောက်ကန်တော်ကြီးဒေသ ဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၂ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တစ်လုံး နောင်ကားကျေးရွာတွင် ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် တာဝန်ရှိသူများ၊ ဦးခွန်စံလွင်နှင့်အမှုဆောင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံအားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရေးဦးစွာ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ကျော်ညိုတို့က နောင်ကားကျေးရွာအုပ်စု နောင်ကားကျေးရွာ ဘောလုံးကွင်း ပွဲကြည့်စင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဒုတိယပိုင်းတွင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ဘင်ခရာတပ်ဖွဲ့က ပအိုဝ်းဘောလုံးအဖွဲ့ဥက္ကဋ္ဌအား ချီတက်အလေးပြုကြပြီး ဘင်ခရာအဖွဲ့က အိုလံပစ်အလံတင်ကြသည်။ ဆက်လက်၍ ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) အား/ကာမှ ဦးတင်အေးက အမှာစကားပြောကြားသည်။ ၎င်းနောက် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲကျင်းပရေးကော်မတီက ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး ပြိုင်ပွဲကျင်းပရန် အလှူရှင်များက အလှူငွေကျပ်သိန်း ၆၀ကို လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီက လက်ခံရယူသည်။

အလွတ်တန်းဒေသပေါင်းစုံဘောလုံးပြိုင်ပွဲသို့ အသင်းပေါင်း ကိုးသင်းဝင်ရောက်ယှဉ်ပြိုင်ပြီး အုပ်စု သုံးခုခွဲ၍ ကျင်းပသည်။ ကျေးရွာအုပ်စုဘောလုံးပြိုင်ပွဲသို့ အသင်းပေါင်း ၂၄သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အုပ်စုရှစ်ခုခွဲ၍ ပြုလုပ်သည်။ ပြိုင်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ ကျင်းပလျက်ရှိသည်။ **(က-ပ)**

မြောက်ဥက္ကလာပမြို့နယ် မူကြိုကျောင်း၏ ရင်သွေးငယ်များ ကာယစွမ်းရည် ပြိုင်ပွဲကို ဒီဇင်ဘာ၁၇ရက်က ပြုလုပ်ရာ အာလူးကောက်ပြေးပြိုင်ပွဲ၌ ပထမရရှိသော မဖူးဖူးချစ်အား ရန်ကုန်တိုင်းလူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်တိုင်းဦးစီးမှူး ဒေါ်ခင်ခင်စိုးက ဆုချီးမြှင့်ပေးအပ်စဉ်။ (က-ပ)

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)က သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်အသင်း အစည်းအဝေးကို ဇန်နဝါရီ ၂၃ရက်(တနင်္ဂနွေနေ့)တွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ဧရာဝတီတိုင်းဓမ္မာရုံ၌ နံနက် ၇နာရီခွဲမှစတင်ဧည့်ခံပြီး နံနက်၉နာရီ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ရန်နှင့် ပညာရည်ချွန်ဆုများအတွက် လှူဒါန်းလိုကြသူများ၊ အမှုဆောင်အဖြစ် ဆောင်ရွက်လိုကြသူများသည် အသင်းတိုက်ရှိရာ ၂၇၅(ပထမထပ်) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၈၀၁၀၆သို့ ဆက်သွယ်နိုင်ပြီး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ညောင်တန်းနွယ်ဖွားအားလုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့ ဒီဇင်ဘာ၁၄ရက်က ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော လက်ပံတောအုပ်စု ကြို့ကုန်းကျေးရွာရှိ နှစ်လက်မ စက်ရေတွင်းမှ ရေထွက်မှုကို ကြည့်ရှု စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် ရွာသာ-အိုင်ကလောင် ဂဝံလမ်းသစ်ဖွင့်ပွဲကျင်းပ ကျေးရွာ ၂၅ ရွာမှ ကျေးလက်ပြည်သူများ အကျိုးခံစားခွင့်ရရှိကြမည်

တိုက်ကြီး ဒီဇင်ဘာ ၂၉

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုက်ကြီးမြို့နယ် ရွာသာ-အိုင်ကလောင် ကျေးလက်ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က အဆိုပါလမ်းထိပ် မုခ်ဦးမဏ္ဍပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်နှင့်အဖွဲ့က လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကျေးလက်ပြည်သူများအကျိုးခံစားရမည့် အဆိုပါလမ်းမှာ တိုက်ကြီးမြို့နှင့် အဖျောက်မြို့သွား ကားလမ်းမမှ ရွာသာ၊ နန်းတော်ကုန်း၊ ဖိုးခေါင်နှင့် အိုင်ကလောင်ကျေးရွာများသို့ ဆက်သွယ်သော မူလမြေသားလမ်းအရှည် ၂မိုင် ၄ဖာလုံ အနက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေ ၇၅ ဒသမ ၄သိန်းဖြင့် လမ်းအရှည် ပေ၅၂၈၀၊ အကျယ် ၁၂ ပေဖောက်လုပ်ပေးခဲ့သည်။

ယခု ရွာသာ-အိုင်ကလောင် လမ်းသစ် ဖောက်လုပ်ပေးခြင်းအားဖြင့် ကျေးရွာအုပ်စုလေးအုပ်စု ကျေးရွာပေါင်း ၂၅ ရွာမှ ကျေးလက်ပြည်သူများ အကျိုးခံစားခွင့်ရရှိမည် ဖြစ်သည်။ **(နယ်စပ်/စည်ပင်)**

မိုးကောင်း-လွယ်လီယံ ကျေးလက်ကျောက်ချောလမ်းဖွင့်

မိုးကောင်း ဒီဇင်ဘာ ၂၈

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျင်းပသော မိုးကောင်း-လွယ်လီယံ ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက်က ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမြင့်က မိုးကောင်း-လွယ်လီယံ ကျေးလက်ကျောက်ချောလမ်း ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးမင်းခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းမှာ လမ်းအရှည်ပေ ၄၀၂၀၊ အကျယ် ၁၂ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၁၀၅သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းလမ်းပြီးစီးသွားသည့်အတွက် ဒေသခံ ပြည်သူများမှာ မိုးကောင်းမြို့သို့လည်းကောင်း၊ တနိုင်းမြို့သို့လည်းကောင်း အလွယ်တကူ သွားရောက်နိုင်ပြီ ဖြစ်သည်။ **(နယ်စပ်/စည်ပင်)**

တောင်တွင်းကြီးမြို့၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

တောင်တွင်းကြီး ဒီဇင်ဘာ ၂၉

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေအိုး(၂)ရပ်ကွက် ဦးစိန်ဝင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ကတ္တရာလမ်းသစ်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် ကိုယ့်အားကိုယ်ကိုး လမ်းဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၆၈၀၀၀၀နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၄၀၀၀၀၀ စုပေါင်းငွေကျပ်သိန်း ၂၀ကျော်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို ရန်နိုင်အေးဖြတ်လမ်း(၁) ကတ္တရာလမ်းဖွင့်

မြန်အောင် ဒီဇင်ဘာ ၂၈

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရန်နိုင်အေးဖြတ်လမ်း(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းက အဆိုပါလမ်း မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုက လမ်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါလမ်းကို မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုငွေကျပ် သိန်း၃၀ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အကျယ် ၁၂ပေ၊ အရှည် ၈၅၅ပေရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဖျာပုံမြို့နယ် အမာမြို့ နောက်မီးကျေးရွာအုပ်စု နောက်မီးအနောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲ၊ အလှူငွေပေးအပ်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ၁၈ရက်က နောက်မီးအနောက်ကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ ဗိုလ်ကြီးလင်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံသာထွန်း၊ ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးကြူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို ကျောက်ဆည်တွင်အများသုံးရေကန်ဖွင့် ငွေကျပ်သိန်း ၃၀ ကျော် အကုန်အကျခံဆောင်ရွက်ခဲ့

ကျောက်ဆည် ဒီဇင်ဘာ ၂၉

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အေးမြကြည်လင်ရပ်ကွက်နေ ပြည်သူများ ပူးပေါင်းဆောင်ရွက်သော မြို့ရေပေးရေးလုပ်ငန်း အများသုံးရေကန်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါရေကန်နေရာ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် ရေရရှိရေးကော်မတီဝင် ဦးစံမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယခုဖွင့်လှစ်သည့် အများသုံးရေကန်မှာ ရေဂါလန်၁၅၀၀ဆံ့ နှစ်ကန်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် ပြီးစီးခဲ့သည်။

ရေပိုက်သွယ်တန်းခြင်းနှင့် ရေကန်နှစ်လုံးအပါအဝင် ကုန်ကျစရိတ်မှာ ၃၀၈၆၈၅၂ ကျပ် ဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် မြို့ပေါ် ၁၀ရပ်ကွက်အား အများသုံးရေကန် ၁၈ ကန်၊ ပုဂ္ဂလိက ရေတိုင် ၁၇၇၀မှတစ်ဆင့် သန့်ရှင်းသော သောက်သုံးရေ နေ့စဉ်ရေဂါလန် ၈၆၀၀၀၀ ပေးဝေလျက်ရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ဌာနပေါင်းစုံ စုပေါင်းဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ညောင်တုန်း ဒီဇင်ဘာ ၁၀

ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဦးစီးဌာနများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် အလှူရှင်များ စုပေါင်း၍ ကျင်းပသော ဘုံကထိန်လှူဒါန်းပွဲများကို နိုဝင်ဘာ ၂၃၊၂၄ နှင့် ၂၆ရက်များက ညောင်တုန်းမြို့ရှိ ရေနံချောင်း ဘုန်းတော်ကြီးကျောင်း၊ ပုပ္ပားကျောင်း၊ တာဝတိံသာ ဘုန်းတော်ကြီးကျောင်းနှင့် နတ်ပေးကျေးရွာအုပ်စုမှ ဂျုံးဂျုံးကျာဘုန်းတော်ကြီးကျောင်းနှင့်မဲဇလီကျေးရွာအုပ်စုမှ ညောင်ဇောက်ဘုန်းတော်ကြီးကျောင်းတို့တွင် ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကထိန်ဆက်ကပ်လှူဒါန်းပွဲများကျင်းပရာညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်မြသန်းနှင့် မြို့နယ်အလုပ် အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အလှူရှင်များက ကထိန်သင်္ကန်းများ၊ အရန်သင်္ကန်းများ၊ ပဒေသာပင်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် လှူဒါန်းငွေကျပ် ၃၂၆၆၆၀ တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီးရေစက်ချအမျှအတန်းပေးဝေကြသည်။ **(ဝ၉၈)**

မော်လမြိုင်ကျွန်း မြို့မ(၉)ရပ်ကွက် ပစ္ဆိမာရုံစာသင်တိုက်၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်နှင့် ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို နိုဝင်ဘာ၂၂ရက်က ကျောင်းတိုက်ခန်းမ၌ ကျင်းပရာ ကထိန်မတည်အလှူရှင် မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်း များက ကထိန်သင်္ကန်းကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပစ္ဆိမာရုံ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တစိန္တာလင်္ကာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၉၇)

အမြို့မြို့ အနယ်နယ် သတင်းများ

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းအဖြစ် ရှမ်းရေကျော်(ကမ်းနီ)၊ ထုံးဘို မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဓနုဖြူမြို့နယ်ဥက္ကဌဖလား တိုက်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ဓနုဖြူ ဒီဇင်ဘာ ၂၅

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား တိုက်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ပြိုင်ပွဲတွင် ဓနုဖြူမြို့နယ် ပြည်သူ့အားကစားကွင်း၌ တိုက်နယ် ပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ကျုံတနီး တိုက်နယ်(က) ဘောလုံးအသင်းနှင့် သပြုတိုက်နယ် (ခ) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျုံတနီးတိုက်နယ်(က) ဘောလုံးအသင်းက သပြုတိုက်နယ် (ခ) ဘောလုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ အနိုင်ရဗိုလ်စွဲသွားသော အသင်းအား မြို့နယ်ဥက္ကဋ္ဌဦးတင့်လွင်က ဆုဖလားနှင့်အတူ ငွေကျပ် ၄၀၀၀၀ ကို ကျုံတနီး(က)ဘောလုံးအသင်းအား **(အောက်ဝဲပုံ)** ဆုများပေးအပ်ချီးမြှင့်ပြီး ကျန်ဆုများကို ဘောလုံးကော်မတီဝင်များက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၈၅)**

ကျန်းမာရေးနှင့် ညီညွတ်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ဆော့လော် ဒီဇင်ဘာ ၁၅

ကချင်ပြည်နယ် ဆော့လော်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်သူများကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန်အတွက် နိုဝင်ဘာ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နေပြည်သူများ၏အိမ်များ ယင်လုံအိမ်သာ သုံးစွဲမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာသုံးစွဲရေး အကြံပြု ဆွေးနွေးကြကြောင်း သိရသည်။ **(ပြည်နယ် စည်ပင်)**

နွေစပါး စိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်

ပျဉ်းမနား ဒီဇင်ဘာ ၂၂

ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီမှ ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးစိုက်ပျိုးရေးစီမံကိန်းတာဝန် ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်က ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စု ၃၂ အုပ်စုသို့ နွေစပါးစီမံကိန်းတာဝန်များပေးအပ်သည်။ ပျဉ်းမနားမြို့နယ်တွင် ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးဧက ၁၂၉၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်စေရေး စိုက်ခင်းဧက ၁၃၀၀ ရှင်သန်ကြီးထွား

ရေတာရှည် ဒီဇင်ဘာ ၂၆

ပဲခူးတိုင်း ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနက ရေတာရှည်မြို့၏ အနောက်ဘက်ခြမ်း ပဲခူးရိုးမစိမ်းလန်းစိုပြည်စေရေးအတွက် အဖိုးတန်ကျွန်းစိုက်ခင်းများနှင့်ပျဉ်းကတိုး၊ပိတောက်၊ သစ်ဆိမ့်၊ ယူကလစ်ပင်များနှင့် အခြားအပင်မျိုးစုံတို့ကို ၂၀၀၄-၂၀၀၅ခုနှစ် ဇူလိုင်လအတွင်းက စိုက်ပျိုးခဲ့သည်။

အဆိုပါစိုက်ပျိုးထားသည့် သစ်ပင်များအနက်ကျွန်းစိုက်ခင်းဧက ၁၃၀၀ အားမြို့နယ်သစ်တောဦးစီးအရာရှိ ဦးဥက္ကာနှင့် တောအုပ်ကြီးများ၊ တောခေါင်းများသည် ကြိုးဝိုင်းကွင်းများအတွင်းသို့စဉ်ဆက်မပြတ်ကွင်းဆင်းကြီးကြပ်လျက် ကျွန်းပင်များ၏ ရှင်သန်ကြီးထွားမှုရာခိုင်နှုန်း ရေတွက်ရာတွင် ကျွန်းပင် ၉၅ ရာခိုင်နှုန်းကျော် ရှင်သန်ကြီးထွားလျက်ရှိကြောင်းသိရသည်။ **(က-ပ)**

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

ကောလင်း ဒီဇင်ဘာ ၁၈

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၄ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

ဆွေးနွေး

အဆိုပါ ညှိနှိုင်း အစည်းအဝေးတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က စာဆိုတော်နေ့ အခမ်းအနားကျင်းပရေး၊ စာပေဟောပြောပွဲကျင်းပရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးနှင့် စာအုပ်အလှူရှင်များ၏ အင်အားကို စုစည်းရယူနိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **(ဝ၂၆)**

သန်လျင်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသူ ကျောင်းသားများအားနိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးတင်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်စဉ်။ (က-ပ)

ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်

မချမ်းဘော ဒီဇင်ဘာ ၈

ကချင်ပြည်နယ် မချမ်းဘောမြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ပြန်လည်တူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်းကို နိုဝင်ဘာ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များကစုပေါင်းဆောင်ရွက်ကြသည်။ **(ပြည်နယ်စည်ပင်)**

ကြီးကြပ်ဆောင်ရွက်

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာချီလိတ်လမ်းဘေးရေမြောင်းအတွင်းအမှိုက်များနှင့် နုန်းများဆယ်တင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ၁၃ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် ဒုတိယဦးစီးမှူးဦးစန်းလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ခေါက်ဘုရားပွဲတော်ကျင်းပရေးနှင့် ဈေးဆိုင်ခန်းများ ရောင်းချရန် ကြော်ငြာခြင်း

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၆ ခုနှစ် တပို့တွဲလဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ (၁၆-၂-၂၀၀၅ ရက်မှ ၂၄-၂-၂၀၀၅)ရက်ထိ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီးထွန်းညှိပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ နှမ်းမနဲထိုးပွဲများနှင့်အတူ နှစ်စဉ်နှစ်တိုင်းကဲ့သို့ ဇာတ်၊ ရုပ်ရှင်၊ ရုပ်သေး၊ တုတ်ထိုး၊ ဆပ်ကပ်၊ မျက်လှည့်၊ ကြည့်ချင်ပွဲများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသွားမည် ဖြစ်သည်။

ပွဲတော် ဈေးဆိုင်ခန်းများကို ယခင်နှစ် လူဟောင်းများအား နေရာဟောင်းဦးစားပေး၍ ၂၂-၁-၂၀၀၅ ရက်မှ ၂၈-၁-၂၀၀၅ ရက်နေ့အထိ ရောင်းချပေးပြီး ကျန်ဆိုင်ခန်းများကို ၃၀-၁-၂၀၀၅ ရက်နေ့တွင် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဂေါပကအဖွဲ့
ဖုန်း-၀၅၆-၂၁၁၄၃။

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သမီးလေး ဖန်ဖန်(ခ)ယဉ်နှင်းနုဝေ၏ ၂-၁-၂၀၀၅ ရက်တွင် ကျရောက်သော သုံးနှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နှစ်(၁၂၀)တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ထူးချွန်ထက်မြက်သော သမီးလိမ္မာလေးဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်။

နှစ်ဖက်သော - ဘိုးဘိုး၊ ဘောင်ဘောင်များနှင့်
ပါပါကြီး - ဗိုလ်မှူးစောနိုင်ထွေး(တပ်မတော်-ရေ)နှင့်
မေမေ - ဒေါ်နုနုထွန်း(ရွှေစပယ်ရိုပ်မွန်မိသားစု)

ဖယောင်းပျက်နှင့် လင်းနို့ချေးရောင်းချရန် ကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် မီးသင့်ဖယောင်းပျက် ပိဿာ ၆၀၀၀ ခန့်နှင့် လင်းနို့ချေး ပိဿာ ၂၆၀၀ ခန့်တို့ကို ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စောင်လျှင် ၅၀၀ိ/နှုန်းဖြင့် ဝယ်ယူ၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။ ၁၄-၁-၂၀၀၅ ရက်နေ့ နံနက် ၁၁း၀၀ နာရီ နောက်ဆုံးထား၍ ချိပ်ပိတ်တင်သွင်းနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး၌ စုံစမ်းနိုင်ပါသည်။

ဝင်းကြိုင်
ရုံးအဖွဲ့မှူး။

OLYMPIC
COPIER & SPARE PARTS SALES CENTRE

Good-Second မိတ္တူကူးစက်နှင့် အပိုပစ္စည်းအရောင်းပြခန်းကို ၂-၁-၂၀၀၅ ရက်နေ့မှစ၍ အသစ်ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

လိပ်စာ- အမှတ် ၁၇၁/A၊ (၃၈)လမ်း၊ အလယ်ဘလောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- 01-383669။



ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ်-၁၄

ဒေါ်အေးမြင့်လှိုင်
အမှတ် ၁၈၊ ဇောတိကလမ်း၊
မြေနီကုန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

နှင့်

၁။ ဒေါ်ရင်ရင်မြင့်
အမှတ် ၁၁၄၊ စမ်းချောင်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးအောင်သန်း } ဇနီးမောင်နှံ
၃။ ဒေါ်ကျင်လှိုင်
အမှတ် ၁၈၊ ဇောတိကလမ်း၊
မြေနီကုန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၄။ ဦးထွန်းလှ
အမှတ် ၁၄၊ ဦးဘဟန်လမ်း၊
ချော်တွင်းကုန်း၊ ရန်ကုန်မြို့။

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များ ဒေါ်ရင်ရင်မြင့်ပါ ၄ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ် တရားလိုဖြစ်သော ဒေါ်အေးမြင့်လှိုင်က ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ဇောတိကလမ်း (ယခင် စိန်ဗင့်ဆင့်လမ်း)၊ အမှတ် ၁၈ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် ၂၉ ဘီ၊ မြေကွက်အမှတ် ၃၅၊ အလျားပေ ၃၀ X အနံ ၆၄/၆၀ ပေအကျယ်ရှိ အိမ်နှင့်မြေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် (၁၃၆၆ ခုနှစ် ပြာသိုလဆန်း ၅ ရက်) သောကြာနေ့ မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ တစ်ပါးတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထင်လင်း(တ/၂၈၃၅)
ဒုတိယမြို့နယ်တရားသူကြီး
စမ်းချောင်းမြို့နယ်တရားရုံး။


အများသိစေရန်ကြေညာချက်

အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ တောင်ရပ်နေ ဒေါ်ဝိုင်းဝိုင်းကျော်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျောက်ရေတွင်းလမ်း၊ (ခုနစ်-လွှာ)၊ အမှတ်၂၆ (မျက်နှာမူ၍ ကြည့်သော် လမ်းဝဲဘက်အခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ ရွှေထည်ပစ္စည်း၊ ပရိဘောဂများ၊ ငွေကြေးများသည် ဒေါ်ဝိုင်းဝိုင်းကျော် အကျိုးသက်ဆိုင်သော လက်ထက်ပွား ပစ္စည်းများဖြစ်ပါသည်။ ဒေါ်ဝိုင်းဝိုင်းကျော် မသိရှိဘဲ ဒေါ်ဝိုင်းဝိုင်းကျော်၏ သဘောတူညီချက်မပါဘဲ မည်သူမျှ အဆိုပါပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ပါလျှင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ရန် လွှဲအပ်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြဟန် B.A(Law).,LL.B,D.B.L.,D.M.L.
တရားရုံးချုပ်ရှေ့နေ
အမှတ်(၅၅)၊ ဒုတိယထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။
ဖုန်း- ၅၃၈၃၃၂၊ ၀၉၅၀- ၂၀၉၈၁။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် ကျောက်ဖြူတောင်ကျေးရွာ စိမ့်စမ်းရေ သွယ်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေး နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းရင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ် ကျွန်းစိုက်ခင်းဧက ၁၀၀၀ စိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေး

အုတ်တွင်း ဒီဇင်ဘာ ၃၀

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက စီမံကိန်းဝင်လုပ်ငန်းတစ်ခုဖြစ်သည့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကျွန်းစိုက်ခင်းဧက ၁၀၀၀ တည်ထောင်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ခင်းလုပ်ငန်းဆောင်ရွက်မည့် တောင်သူများနှင့် တောင်ငူခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူးတို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်က ပေါက်တောကျေးရွာအုပ်စု ဘုဒလက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

အသေးစိတ်ရှင်းလင်း

အခမ်းအနားတွင် တောင်ငူခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းမြင့်သိန်း **(အောက်ယာပုံ)**၊ အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်လင်းတို့က သစ်တောစိုက်ခင်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များ၊ စံပြသစ်တောကျေးရွာတည်ထောင်ခြင်း၊ ဒေသခံ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တောင်သူများ၏ ပြန်လည် တင်ပြချက်များအပေါ် လက်ထောက် ညွှန်ကြားရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးတို့က ပြန်လည် ဖြေကြားကြသည်။

အောင်မြင်ရှင်သန်

အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကျွန်းအထူးစိုက်ခင်းဧက ၅၀၀ စိုက်ပျိုးခဲ့ရာ ၉၅ ဒသမ ၂ ရာခိုင်နှုန်း အောင်မြင်ရှင်သန်မှုရှိကြောင်း သိရသည်။ **(၁၁၆)**



သရုပ်ပြလေ့ကျင့်

ဒီဇင်ဘာ ၉ ရက်က ထားဝယ်မြို့နယ် မြို့မဈေးကြီးတွင် မီးသတ်ရေငုတ်များမှ ရေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ဦးဆောင်၍ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စုပေါင်း သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

မလေငါးတန်
မြှင့်ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြန်မာ့အလင်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

❒ လွယ်လင့်တကူ ရယူခဲ့ခြင်းမဟုတ်ပါ

ရန်နိုင်ဦး၏ကဗျာ စာ-၃

❒ ဒို့နိုင်ငံမှာ စိုက်ပျိုးနိုင်တဲ့မြေဧက ၄၂ ဒသမ ၉သန်း ရှိတယ်ဆိုပါလား

တိမ်ပျံ၏ကာတွန်း စာ-၃

❒ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက် တိုးတက်လာသည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

ဓာတ်ပုံမှတ်တမ်း စာ-၇

❒ ကိုလိုနီပုံစံသစ်၏ အဓိကလက္ခဏာရပ်မှာ နိုင်ငံတစ်ခုမှ ၎င်းတို့ခြယ်လှယ်မရနိုင်မည့် အစိုးရများကို ဆူပူမှု၊ ပြည်တွင်းစစ်၊ သောင်းကျန်းမှု၊ အကျပ်ကိုင်ဖိအားပေးမှု၊ ပိတ်ဆို့နှောင့်ယှက်မှုတို့ဖြင့် ဖြုတ်ချ ဖယ်ရှားကာ ၎င်းတို့ဩဇာခံသော အစိုးရတင်ပေးပြီး နောက်ကွယ်မှ ခြယ်လှယ်ကြိုးကိုင်လျက် လိုအပ်ချက်မှန်သမျှ သွေးစုပ်ယူသောနည်း ဖြစ်သည်။

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး စာ-၈၉

အုတ်ဖိုမြို့နယ် အုတ်ဖို-တိမ်ညွန့် ကျေးလက်လမ်းဖွင့် ကျေးလက်ပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီ

အုတ်ဖို ဒီဇင်ဘာ ၂၉

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့နှင့် အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့က ဆောင်ရွက်ပြီးစီးသော အုတ်ဖိုမြို့နယ် အုတ်ဖို-တိမ်ညွန့်ကျေးလက်လမ်း (အောက်ပုံ)**နှင့် သဖန်းပင်ဆိပ် ဘေလီတံတားဖွင့်ပွဲတို့ကို ဒီဇင်ဘာ ၂၇ ရက် နံနက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။**

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်က လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသည် အရှည် ၆ မိုင် ၄ ဖာလုံ၊ အကျယ် ၁၀ ပေ၊ သဖန်းပင်ဆိပ် ဘေလီတံတားမှာ အရှည်ပေ၁၃၀၊ အကျယ်၁၄ပေဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနှင့် ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေမှ စုစုပေါင်း ၂၆ ဒသမ ၇သန်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လမ်းနှင့်တံတားဆောင်ရွက်ပြီးစီးသည့်အတွက် တိမ်ညွန့်ကျေးရွာအုပ်စု၊ ဓနိဖြူကွင်းကျေးရွာအုပ်စုနှင့် ချောင်းခွ(ဂျီ)ကျေးရွာအုပ်စုများရှိ ကျေးလက်နေ ပြည်သူများ ရာသီမရွေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

(နယ်စပ်/စည်ပင်)

ဖွံ့ဖြိုး စည်ပင် ကျေး လက် တစ်ခွင်

ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်း

သတင်းမှတ်စု-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁

ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်းကို ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး စစ်ပင်တောင်ကွေ့တွင် ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ရေထိန်းတံခါးကို အကျယ် ၈ ပေ၊ အမြင့် ၁၂ ပေရှိသော ရေတံခါး ၁၈ပေါက်နှင့် သဲနုန်းထုတ် ရေတံခါးအကျယ် ၆ပေ၊ ၉လက်မ၊ အမြင့် ၁၂ပေရှိ တံခါးရှစ်ပေါက် စုစုပေါင်း ရေတံခါး ၂၆ ပေါက်ဖြင့် ရေသွင်းရေထုတ် ပြုလုပ်မည်ဖြစ်သည်။ ရေတံခါးအတွင်းသို့ ငမိုးရိပ်မြစ်မှ ပေ၁၂၀၀ ရှည် ရေခေါ်မြောင်းမကြီးမှ ရေသွင်းမည်ဖြစ်ပြီး ပေ၂၀၀၀ ရှည် ရေထုတ်မြောင်းမကြီးမှ ရေထုတ်မည်ဖြစ်သည်။

ရေထိန်းတံခါးကို မြေအောက်ခံ အမာခံရှိရန် ဝန်ခံသစ်တိုင်အလုံးပေါင်း ၁၀၇၉ လုံး၊ သံမဏိသပ်ပြား ၁၃၂၆၈ ပေ၊ သံမဏိသပ်ပြား အချပ်ရေ ၇၀၀ တို့ကို မြေအောက် ၁၆ပေမှ ၂၄ပေအထိ ရိုက်သွင်းထားသည့် အပြင် လေးဘက်လေးတန် သံသေတ္တာသဖွယ်ပိတ်ထားခြင်းဖြင့် ရေစီးရေစိမ့်ဒဏ်ခံနိုင်စေရန် ဆောင်ရွက်ထားသည်။ ရေထိန်းတံခါးတည်ဆောက်ပြီးစီးပါက မိုးစပါးအောင်ရေ ဖြည့်ဆည်းပေးနိုင်ခြင်း၊ နွေရာသီတွင် ပဲခူးမြစ်မှ ရေငန်ဝင်ရောက်မှု ကာကွယ်နိုင်ခြင်း၊ ငမိုးရိပ်ချောင်း ဘေးဝဲ/ယာရှိ လယ်မြေဧက အကျိုးပြုဧရိယာ ၅၈၉၅ဧက၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ကပ္ပလီပင်လယ်ပြင်တွင် မြေငလျင်လှုပ်ရှားမှု မြန်မာနိုင်ငံကမ်းရိုးတန်းဒေသအချို့၌ ပျက်စီးဆုံးရှုံးမှုအခြေအနေ

ရန်ကုန် ဇန်နဝါရီ ၁

ကပ္ပလီပင်လယ်ပြင်တွင် ဒီဇင်ဘာ၂၆ရက်က မြေငလျင်လှုပ်ရှားမှုကြောင့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသအချို့၌ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ရာ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးရရှိခဲ့သော စာရင်းဇယားများအရ စုစုပေါင်း လူ၅၃ဦး သေဆုံးပြီး ၄၃ဦး ဒဏ်ရာရရှိကာ ၂၁ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ကျေးရွာ ၁၇ရွာ ပျက်စီးပြီး အိမ်ထောင်စုအားဖြင့် ၁၃၈စု၊ လူဦးရေအားဖြင့် ၇၇၈ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ယမန်နေ့က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့(ဇန်နဝါရီ ၁ရက်)တွင် ထပ်မံရရှိသော စာရင်းဇယားများအရ ယမန်နေ့ကပျောက်ဆုံးစာရင်းတွင် ဖော်ပြခဲ့သည့်၂၁ဦးအနက် ခြောက်ဦးသေဆုံးကြောင်း အတည်ပြုချက်ရရှိကာ ၁၂ဦးမှာ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိလာသဖြင့် ပျောက်ဆုံးသူသုံးဦးသာကျန်တော့ကြောင်း သိရှိရပါသည်။

သို့ပါ၍ အဆိုပါငလျင်ဒဏ်ကြောင့် စုစုပေါင်းလူ ၅၉ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူမှာ ယခင်အတိုင်း ၄၃ဦးဖြစ်ကာ ပျောက်ဆုံးသူမှာ သုံးဦး ဖြစ်ပါသည်။

ကျေးရွာပျက်စီးမှုနှင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုမှာ ယနေ့ထပ်မံရရှိသော စာရင်းဇယားများအရ ကျေးရွာ ၁၇ရွာ (အိမ် ၅၉၂အိမ်)ပျက်စီးပြီး အိမ်ထောင်စုအားဖြင့် ၆၃၈စု၊ လူဦးရေအားဖြင့် ၃၂၀၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရှိရပါသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၇ရက်က ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)